မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၀)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၈ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သနပ်ချောင်းပိတ်တမံမှ တိုက်ကြီးမွေးမြူရေးဇုန်အတွက် ရေလုံလောက်စွာသိုလှောင်နိုင်မည့်အပြင် အနီးပတ်ဝန်းကျင်ရှိကျေးရွာများ ရေကြီးနစ်မြုပ်မှုများမှလည်း ကာကွယ်ပေးနိုင်

ရန်ကုန် မေ ၂၇

ပဲခူးရိုးမ၏အနောက်ဘက်ခြမ်းမှမြစ်ဖျားခံ၍ စီးဆင်းလာသော သနပ်ချောင်း၏ ရေသယံဇာတအား ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်အတွက် ရေလုံလောက်စွာအသုံးပြုနိုင်ရန် သနပ်ချောင်းပိတ်တမံ တည်ဆောက်ထားခြင်းဖြင့် တိုက်ကြီးမွေးမြူရေးဇုန်အတွက် ရေလုံလောက်စွာ သိုလှောင်ပေးနိုင်မည့်အပြင် သနပ်ချောင်းကျေးရွာ၊ ကျားချောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများ၏လယ်မြေများ နှစ်စဉ်မိုးရာသီတွင် ကြုံတွေ့ရနိုင်သော ရေကြီးနစ်မြုပ်မှုများမှလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ ●



## ဆောင်းပါး


ငလျင်က မဖြိုဖျက်နိုင်ခဲ့သော မြန်မာတို့ရဲ့အားမာန် စာ - ၁၁ သို့

မြန်မာနိုင်ငံ ပျားမွေးမြူရေးပြက္ခဒိန် စာ - ၇ သို့

တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု (တတိယနေ့)ဆက်လက်ဆောင်ရွက် စာ - ၁၇ သို့


## မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့်အစီအစဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ပြောကြားချက် စာ - ၅ သို့

❝ ကျွန်မတို့မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ကလေးတွေ စာမေးပွဲ ပြန်လည်ဖြေဆိုရမယ့်အခါမှာ ပညာရေးဝန်ကြီးဌာနရော၊ နိုင်ငံတော်ကပါ ကလေးတွေအတွက် အစစအရာရာ ပံ့ပိုးကူညီပေးမှာဖြစ်ပါတယ်။ ကလေးတွေအားလုံးအနေနဲ့ စာမေးပွဲကို ပြန်လည်ဖြေဆိုကြပါလို့ တိုက်တွန်းလိုပါတယ်။❞

ဒေါက်တာချောချောစိန် (ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန)

❝ ကျောင်းသား၊ ကျောင်းသူတွေပြန်လည်ဖြေဆိုဖို့အတွက်ကို Camp တွေသွင်းပြီးတော့ လေ့ကျင့်သင်ကြားပေးတဲ့စခန်းတွေမှာ Revision Class တွေဖွင့်လှစ်ပြီးတော့သင်ကြားပို့ချမှာပဲဖြစ်ပါတယ်။❞

ဒေါက်တာခင်သီတာ (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန)




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဧပြီ ၂၈ ရက်)

## ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က ပြင်းထန်စွာလှုပ်ခတ်ခဲ့သောမန္တလေးငလျင်ကြီးကြောင့်ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်နေကြရသည်။ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ဧပြီလ ၂၅ ရက်စာရင်းများအရ သေဆုံးသူ ၃၇၆၃ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၇ ဦး၊ ပျောက်ဆုံးသူ ၁၁၀ ဦးရှိသည်။ ငလျင်စတင်ဖြစ်ပွားသည့်အချိန်တွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတကာကိုအကူအညီတောင်းခံမှုများဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာမှလည်း ကူညီကယ်ဆယ်ရေးအဖွဲ့များကို တစ်တပ်တစ်အားစေလွှတ်ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ယနေ့အချိန်အထိ လေယာဉ်ပေါင်း ၁၄၇ စင်း၊ သင်္ဘော ၇ စင်း၊ မော်တော်ယာဉ် ၂၃ စီးတို့ဖြင့် အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်ပေါင်း ၂၀၉၅ ဦးရောက်ရှိခဲ့သည်။

ထို့ပြင် နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းတန်ချိန် ၂၆၃၅ ဒသမ ၉၂ တန်နှင့်ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၁၁၉၇ ဒသမ ၁၂ တန် စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန် ပေးပို့လှူဒါန်းကူညီကြသည်။ နိုင်ငံတကာဆေးကုသရေးအဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ယာယီဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်၍ အရေးပေါ်ကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံပေါင်းခြောက်နိုင်ငံမှ ဆေးကုသရေးအဖွဲ့ဝင်အင်အား ၃၃၇ ဦးဖြင့် စစ်ကိုင်း၊ မန္တလေးနှင့်နေပြည်တော်တို့တွင် နိုင်ငံအလိုက်အဖွဲ့များခွဲ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းကာ ဆေးကုသမှုလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။

ငလျင်ဒဏ်သင့်ပြည်သူများ၊ ဒေသများပြန်လည်ထူထောင်ရေးတည်ဆောက်ရေးအတွက် ပြည်တွင်း စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲများတွင် နိုင်ငံတော်အစိုးရသို့ ပေးအပ်လှူဒါန်းမှုများရှိသကဲ့သို့ နိုင်ငံတကာအလှူရှင်များအနေဖြင့်လည်း နိုင်ငံခြားငွေဖြင့် လှူဒါန်းမှုများဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းပြည်ပစေတနာရှင်အလှူရှင်များမှ နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ အလှူငွေများပေးအပ်ရာ ဧပြီလ ၂၄ ရက်နေ့အထိ ကျပ် ၁၁၅ ဒသမ ၈၇၆ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃၇ သန်းကျော်၊ ကိုရီးယားဝမ် ၅ သန်း၊ အိန္ဒိယရူပီး ၁၅ သန်း၊ ထိုင်းဘတ် ၂ သန်းနှင့် စင်ကာပူဒေါ်လာ ၃၁၅၀ တို့အားလက်ခံရရှိထားပြီးဖြစ်သည်။ အဆိုပါအလှူငွေများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ငွေစာရင်းသို့ထည့်သွင်းထားပြီး ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်စနစ်တကျအသုံးပြုလျက်ရှိသည်။

အဆိုပါအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ် ၅၀ ဘီလီယံ၊ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ် ၆၀ ဘီလီယံတို့အား နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ပေးအပ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွက် ၁၀ ဘီလီယံနှင့် ရှမ်းပြည်နယ်အတွက် ၅ ဘီလီယံတို့ကိုလည်း ထပ်မံပေးအပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါထောက်ပံ့ငွေများကို DMC အနေဖြင့်လည်း သက်ဆိုင်ရာကောင်စီနယ်မြေနှင့်တိုင်းဒေသကြီးများသို့ပေးပို့ထားပြီးဖြစ်သည်။ ပြည်တွင်းပြည်ပထောက်ပံ့ပေးသည့်ပစ္စည်းများကိုလည်း အရန်မထားဘဲ ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများထံသို့ လက်ဝယ်အရောက်အမြန်ဆုံးဖြန့်ခွဲပေးရန် နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားသည့်အတိုင်း ပြည်သူများထံသို့ လက်ဝယ်အရောက်ဖြန့်ဝေပေးလျက်ရှိသည်။ ပြည်ပနိုင်ငံများမှပေးပို့သော ကယ်ဆယ်ရေးပစ္စည်းနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန်အား ရောက်/ဖြန့်စနစ်ဖြင့် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဧပြီလ ၂၅ ရက်ကကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၅)အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားစဉ် **“ ထောက်ပံ့လှူဒါန်းမှုများနှင့်ပတ်သက်၍ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းမှုများရှိသကဲ့သို့ တစ်ဖက်ကလည်း အချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်တင်၍ရောင်းချနေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဗုဒ္ဓဘာသာလူမျိုးများအနေဖြင့် အချင်းချင်းကူညီရမည့်အစား ပြန်လည်ထူထောင်ရေးဆောင်ရွက်နေသည့်ကာလတွင် ဆောက်လုပ်ရေးပစ္စည်းများကို မူရင်းဈေးနှုန်းထပ်မံမြှင့်တင်၍ရောင်းချလျက်ရှိသည်ကို ကြားသိရကြောင်း၊ ထို့ကြောင့် မတော်လောဘစီးပွားရေးသမားများကို နိုင်ငံတော်ကထိန်းချုပ်တားမြစ်ခြင်း၊ မေတ္တာရပ်ခံခြင်းစသည်ဖြင့်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လိုက်နာမှုမရှိပါက ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းများနှင့်သက်ဆိုင်သော လိုအပ်သည့်ပစ္စည်းများကို နိုင်ငံတော်ကစိစစ်၍တင်သွင်းခွင့်ပြုထားသည်။ ထို့ပြင် မကြာမီရောက်ရှိလာမည့် တရုတ်နိုင်ငံမှကူညီထောက်ပံ့သည့်စက်သုံးဆီတန်ချိန် ငါးသောင်းရောက်ရှိလာမည်ဖြစ်ပေရာ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## တောင်တွင်းကြီးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးဧက ၉၀၀ ကျော်စိုက်ပျိုးပြီးစီး

တောင်တွင်းကြီး ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆည်ရေသောက်စနစ်ကိုအသုံးပြုကာ နှမ်းစပါး ဧက ၉၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တောင်တွင်းကြီးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးဧက ၈၀၀ ကျော်၊ ငမင်ဆည်ရေသောက်စနစ်ဖြင့် နှမ်းစပါးဧက ၁၀၀ ကျော် စုစုပေါင်း ဧက ၉၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် အောင်နိုင်တိုး၊ ဆာပိုးသား နှမ်းစပါးမျိုးတို့ကို အဓိကထား စိုက်ပျိုးကြပြီး နှမ်းစပါးစမ်းသပ်စိုက်ကွက်များ၊ စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ကွက်များ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစိုက်ကွက်များဖော်ဆောင်၍ စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက်ဖြင့် စနစ်တကျစိုက်ပျိုးခြင်း၊ ကောက်စိုက်သမားများဖြင့် စနစ်တကျကွင်းဆင်း၍ ကြိုးတန်းစိုက်ပျိုးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူများ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားလာစေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ကာ ပြည်ပဈေးကွက်များသို့ တိုးချဲ့လာနိုင်စေရေးအတွက် စိုက်ပျိုးနည်းပညာများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နောင်နောင် (ဗိဿနိုးမြေ)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၈-၄-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်များနှင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ရှိ ပန်းတင်မီနီတိုးဂိတ်၊ ပေပင်လေးမီနီတိုးဂိတ်နှင့်သီးကုန်းတိုးဂိတ်တို့မှ နေ့စဉ်လမ်းအသုံးပြုခကောက်ခံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးသည်မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း) ကျွဲတပ်ဆုံရှိ BOT စနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လမ်းပျက်စီးမှုများအား ပြုပြင်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသုံးစွဲစေရေး၊ လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေးနှင့် ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း) မိုင်တိုင်အမှတ် ၃၈/၃ မှ ၃၈/၄ ကြား လမ်းအနိမ့်အမြင့်ညှိကတ္တရာရေပိတ်လွှာလောင်းနေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၄၂/၃ မှ ၄၂/၄ ကြား ကွန်ကရစ်ခင်းနေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ်၄၄/၅ မှ ၄၄/၆ ကြား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၄၇/၂ မှ ၄၇/၃ ကြား မြစ်ဆုံကွေ့တွင် ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုကျမှုမရှိစေရေးနှင့် ယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက်မြေထိန်းနံရံနှင့် Guard Wall တည်ဆောက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၅၂/၂ မှ ၅၂/၃ ကြား ကတ္တရာကွန်ကရစ်ခင်းနေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၆၅/၇ မှ ၆၆/၀ ကြား System Terramesh ဖြင့် မြေထိန်းနံရံ တည်ဆောက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ကြီးခရိုင် အေးသာယာမြို့အနီးမှ တောင်လေးလုံးကျေးရွာအနီး (မိုင်တိုင်အမှတ်၁၀၂/၂နှင့်၁၀၂/၃ကြား)သို့ ရွှေ့ပြောင်းတည်ဆောက်ထားသည့် BOT စနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံလျက်ရှိသော တိုးဂိတ်နေရာအသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

● **ရှေ့ဖုံးမှအဆက်**

သနပ်ချောင်း ချောင်းသည် ရာသီမရွေးစီးဆင်းနေသောချောင်းဖြစ်ပြီး မိုးရာသီတွင် ပဲခူးရိုးမမှ အရှိန်အဟုန်ဖြင့်စီးဆင်းလာသောရေကိုပိတ်၍ ချောင်းပိတ်တမံတည်ဆောက်ပြီး တိုက်ကြီးမွေးမြူရေးဇုန်အား ရေရရှိနိုင်ရန်ဆောင်ရွက်သည့် ရေလှောင်တမံစီမံကိန်းတစ်ခုဖြစ်သည်။ သနပ်ချောင်းပိတ်ရေလှောင်တမံသည်မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျားပေ ၂၀၀၀၊ ကုန်းကျောတမံ(၁) အလျားပေ ၁၅၇၀၊ တမံအမြင့် ၃၇ ပေ၊ တမံထိပ်ပြင်အကျယ်ပေ ၂၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာဧက ၂၂၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၇၂၅ ဧကပေ (၄၆၆ ဂါလန်သန်းပေါင်း) သိုလှောင်နိုင်သော ရေလှောင်တမံတစ်ခုဖြစ်သည်။

သနပ်ချောင်းပိတ်တမံကိုမွေးမြူရေးဇုန်ရေရရှိရေးနှင့် မိုးရာသီရေကြီးနစ်မြုပ်မှုမှကာကွယ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ တည်ဆောက်ခဲ့သည့်ရေလှောင်တမံတစ်ခုဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှတည်ဆောက်ပေးထားသည့် ရေလှောင်တမံကိုးခု၊ ရေဘေးကာကွယ်ရေးနှင့် ရေငန်တား တာတမံများစုစုပေါင်း ၄၉ ခု၊ ရေထိန်းတံခါး ၁၆၉ ခုနှင့် လျှပ်စစ်ရေတင်လုပ်ငန်း ၂၂ ခုတို့ကို တာဝန်ယူထိန်းသိမ်းလျက်ရှိပြီး စိုက်ပျိုးရေပေးဝေနိုင်သည့်ဧရိယာ ၁၈၂၀၇ ဧကနှင့် ရေဘေးကာကွယ်ဧရိယာ ၁၀၀၉၃၀၇ ဧကတို့အား နွေစပါးနှင့်ဆောင်းသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် ရေပေးဝေခြင်း၊ မိုးစပါးအောင်ရေပေးဝေခြင်း၊ ဒေသတွင်းရေကြီးနစ်မြုပ်မှုကာကွယ်ခြင်း၊ ရေငန်ဝင်ရောက်မှုတို့မှတားဆီးကာကွယ်ပေးခြင်းတို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သန်လျင်မြို့၊ ကျောက်တန်းမြို့နယ်တို့သို့ သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စားနပ်ရိက္ခာလုံလောက်စွာထုတ်လုပ်ပေးနိုင်ရန် တိုက်ကြီးခရိုင်နှင့် တွံတေးခရိုင်တို့တွင် မွေးမြူရေးဇုန်တို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုနှင့် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုက်ကြီးခရိုင်မွေးမြူရေးဇုန်တွင် ကုမ္ပဏီပေါင်း ၄၆ ခုဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဘဲ၊ ငုံး၊ ဇီဝဖိုးငှက် စသည့်တိရစ္ဆာန်များကို စတင်မွေးမြူလျက်ရှိပြီး ယခုထက် တိုးချဲ့မွေးမြူသွားရန်ရှိကြောင်းသိရသည်။ **လင်းခန့်**

---

# ဧရာဝတီတိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

နေပြည်တော် ဧပြီ ၂၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ မြောင်းမြ-လပွတ္တာသွားလမ်းမကြီးမှ တစ်ဆင့်ဝင်ရောက်သွားလာရသည့် သိလ္လာချောင်းဖျားလမ်းအား မြေသားလမ်းမှ ကျောက်လမ်း တစ်မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ရှမ်းရေကျော်ကျေးရွာအုပ်စု ကညင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ရှမ်းရေကျော်ကျေးရွာ ရွာအပြင်လမ်းအား ကွန်ကရစ်လမ်း လေးဖာလုံခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့သည်။




အဆိုပါလမ်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် မြောင်းမြမြို့အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှသိရသည်။

**(သတင်းစဉ်)**

---

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ထားဝယ် | (၀.၃၅)လက်မ |
| ရေး | (၀.၂၄)လက်မ |
| ကော့သောင်း | (၀.၁၆)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၄.၆°C |
| မြင်းမူ | ၄၄.၅°C |
| ဂန့်ဂေါ | ၄၄°C |
| မင်းကင်း | ၄၄°C |
| ကလေးဝ | ၄၃.၇°C |
| မကွေး | ၄၃.၅°C |
| မြင်းခြံ | ၄၃.၂°C |
| မင်းဘူး | ၄၃°C |
| မုံရွာ | ၄၃°C |
| ဆင်ဖြူကျွန်း | ၄၂.၉°C |
| အောင်လံ | ၄၂.၈°C |


| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၈ | ၃၄ |
| ရှမ်း(မြောက်) | ၁၉ | ၃၄ |
| ရှမ်း(အရှေ့) | ၂၀ | ၃၇ |
| ရှမ်း(တောင်) | ၁၉ | ၃၄ |
| ချင်း | ၁၁ | ၂၈ |
| စစ်ကိုင်း(အထက်) | ၂၂ | ၄၁ |
| စစ်ကိုင်း(အောက်) | ၂၈ | ၄၂ |
| နေပြည်တော် | ၂၈ | ၃၉ |
| မန္တလေး | ၃၁ | ၄၂ |
| မကွေး | ၂၅ | ၄၃ |
| ရခိုင် | ၂၂ | ၃၅ |
| ပဲခူး | ၂၄ | ၄၀ |
| ရန်ကုန် | ၂၆ | ၃၈ |
| ဧရာဝတီ | ၂၄ | ၃၉ |
| ကယား | ၂၀ | ၃၅ |
| ကရင် | ၂၄ | ၄၀ |
| မွန် | ၂၄ | ၃၇ |
| တနင်္သာရီ | ၂၃ | ၃၆ |

---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

ကျွန်ုပ်တို့သည် မြို့ထဲသို့ လင်းလျှင်လင်းချင်း ရောက်သွားကြသော်လည်း တစ်အိမ်ခြား၊ နှစ်အိမ်ခြား စသည်ဖြင့် ဆွမ်း၊ ဆွမ်းဟင်းတို့နှင့် အိမ်ပေါက်များ၌ အသင့်စောင့်လျက်ရှိကြပေရာ ကျွန်ုပ်မှာ မြို့ဆုံးအောင် မလျှောက်ရဘဲ တစ်ဝက်လောက်နှင့်ပင် စားလောက်အောင်ရသည်နှင့် လှည့်ပြန်ခဲ့လေသည်။ ကျောင်း၌ ကျောင်းသားမရှိသဖြင့်လည်း ၎င်းတို့အတွက် ကြောင့်ကြဖို့မလိုချေ။ ကျွန်ုပ်တို့သည် တစ်နပ်တည်း ဘုဉ်းပေးသူများဖြစ်၍ အတူတကွ ဆွမ်းစားလေ့ရှိရာ ထိုင်ကိုယ်တော်အဖြစ်နှင့် ဆွမ်းခံရသော ဘုန်းတော်ကြီးအတွက် မဆိုထားဘိ၊ အိမ်ပေါက်စေ့ရပ်ကာ ကမ္ဘသကာ ဆွမ်းခံရသော ကျွန်ုပ်အဖို့ပင် ဟင်းကောင်းများ လုံလောက်စွာရပါပေသည်။ ဤဘက်တွင် အလွန်တော်ပေသော ထီးချိုင့်မြို့သူ၊ မြို့သားများ ပါပေ။

## မိဘများရောက်လာခြင်း

ကျွန်ုပ်သည် ရှေးဦးစွာ ရဟန်းပြုစဉ်က ခုနစ်ရက် အဓိဋ္ဌာန်ဖြင့် တရားအားထုတ်ခဲ့သည့်အတိုင်း မီးပွတ်သောယောက်ျားကဲ့သို့ မနေမနား ကြိုးစားမည်ဟု ရည်မှန်းခဲ့ပါသည်။ သို့ရာတွင် ရဟန်းအဖြစ်သို့ရောက်သောအခါ၌မူ တောင်သွား မြောက်သွား လုပ်ခဲ့ရသည်တစ်ကြောင်း၊ တရားဟောပြောချင်သောစိတ် ဖြစ်ပေါ်လာသည်တစ်ကြောင်း၊ ထီးချိုင့်သို့ ရောက်လာသောအခါတွင်လည်း ဘုန်းတော်ကြီးနှင့် ဆွေးနွေးရခြင်းဖြင့် အချိန်အတော်ကုန်သည်တစ် ကြောင်း၊ တရားအားထုတ်ဖို့ အများကြီးအချိန် ရှိသေးသည်ဟု ယူဆမိသည်တစ်ကြောင်းကြောင့် မီးပွတ်သော ယောက်ျားပမာဟူသော ဆက်တိုက် ဝီရိယမျိုးမရှိဘဲ ဖြစ်ခဲ့၏။ ထို့ပြင် ၂၂၇ ပါးသော ရဟန်းကျင့်ဝတ်များကိုလည်း လေ့လာရသေးသည်။ ထို့ကြောင့် ကျွန်ုပ်မှာ ဖြူစင်သောစိတ်ရှိနေခြင်းနှင့် ပတ်သက်၍ လျှော့ကျခြင်းမရှိစေကာမူ သတိပဋ္ဌာန် အလုပ်၌ ပြတ်လပ်မှုများရှိလာသည်။ ယင်းသို့ရှိစဉ် မိခင်နှင့်ဖခင်တို့သည် ဝက်လက်မှမြတောင်သို့ အလည်လာကြ၍ မြတောင်ဘက်တွင် မစိုးတို့အိမ်၌ တည်းခိုကြမည့်အကြောင်းကို အောင်မြလာ၍ လျှောက်၏။ သို့ဖြစ်၍ ကျွန်ုပ်သည် မိဘများရောက် မည့်နေ့တွင် မြတောင်ဘက်သို့ကူးလာ၍ ဆွမ်းစား မည့်အကြောင်း မှာထားလိုက်၏။ ထိုနေ့နံနက်တွင် ကျွန်ုပ်သည် အိပ်ရာမှထကတည်းက တစ်ကိုယ်လုံး စိမ့်တိမ့်တိမ့်ရှိခြင်းကို သတိပြုမိ၏။ သီလရှင်ကလေး များ ကပ်လှူမြဲဖြစ်သာ ယာဂုကို ဘုဉ်းပေးပြီးနောက် မြတောင်ဘက်သို့ ၄က်ဖြင့်ကူးသွားရာ မကြာမီပင် အစုန်သင်္ဘောဖြင့် မိဘများ ဆိုက်ရောက်လာကြသည်။ အစားကောင်းဝါသနာပါသော ကျွန်ုပ်သည် ထီးချိုင့်မြို့သူ၊ မြို့သားများလောင်းသည့် ဆွမ်းဟင်းများမှာ မည့်လှသော်လည်း ကျွန်ုပ်ကြိုက်တတ်သော ဟင်း မျိုးကိုသိသော မစိုးချက်မည့် နံနက်ဆွမ်းဖြစ်သော ကြောင့် မြိန်ရှက်ဖို့ သေချာသည်ဟူသော မျှော်လင့် ချက်ရှိ၏။ သို့ရာတွင် နံနက်ဆွမ်းကပ်သောအခါ၌ မူကား မျှော်လင့်သောဟင်းမျိုးကို စားရပါလျက် မျှော်လင့်သလောက် မမြိန်သည်သာမက အခါတိုင်း လောက် မစားနိုင်ခြင်းကို တွေ့ရ၏။ ဆွမ်းစားရင်းပင် ကျောထဲမှ စိမ့်၍ စိမ့်၍ တစ်ချက် တစ်ချက် တက်လာ ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် မိဘများနှင့် နေကုန်အောင် စကားပြောမည်ဟု ကြံရွယ်ခဲ့သော်လည်း နေထိုင် မကောင်းသည်နှင့် ကျောင်းသို့ပြန်ရန် ပြင်ဆင်လေရာ မိဘများလည်း နက်ဖြန်တွင် လာကြဖို့မှာထားလိုက် ၏။ ကျောင်းသို့ အောင်မြလိုက်ပို့ရာ ကျွန်ုပ်သည် ထီးချိုင့်ရေဆိပ်မှ တောရကျောင်းသို့ မည်ကဲ့သို့ လာရခြင်းကိုပင် မမှတ်မိဘဲ အိပ်ရာထဲသို့ ရောက်လာ ခဲ့လေသည်။

## အကြီးအကျယ် ဖျားလေပြီ

'ဦးပဥ္စင်း၊ ဦးပဥ္စင်း' ဟု ဘုန်းတော်ကြီး၏ ခေါ်သံ ကြား၍ ထူးလိုက်ရာ 'ဆွမ်းခံထွက်ကြစို့' ဟုပြော လိုက်သည်တွင်မှ အံ့အားသင့်လျက်ရှိ၏။ ကျွန်ုပ်၏ အထင်မှာ ခုနကမှ မြတောင်ကပြန်လာပြီး အိပ်ရာထဲ သို့ဝင်၍ ကျိန်းလိုက်သည်ထင်ရာ ယခုဆွမ်းခံထွက် ချိန်ရောက်ပြီဆိုသောကြောင့် တစ်ညလုံး လူမှန်းမသိ ဘဲ 'တုံး' ဖြစ်အောင် ဖျားခဲ့ကြောင်း သိရတော့သည်။ ကျွန်ုပ်က မလိုက်နိုင်ကြောင်း၊ ဖျားနေကြောင်း လျှောက်ထားရာ ဘုန်းတော်ကြီးဝင်လာ၍ စမ်းသပ် ကြည့်ပြီး ထွက်သွားသည်ကို သိလိုက်ရသည်။

နောက်တစ်ကြိမ် သိလိုက်သောအခါမှာ မိဘများ နှင့် မစိုးတို့ ရောက်လာကြခြင်းပင်ဖြစ်၏။ သူတို့သည် စောစောထ၍ချက်ပြုတ်ကြပြီး သံချိုင့်များဖြင့် ထည့်ကာ ဆောင်ယူလာကြခြင်းဖြစ်ကြောင်း သိရ၏။ ကျွန်ုပ်ကား မထနိုင်တော့။ ဘာမျှလည်းမစား နိုင်တော့ချေ။ ထိုနေ့တစ်နေ့လုံးလည်း 'တုံး' ဖြစ်၍ ဘာမျှမသိချေ။ ဘုန်းတော်ကြီးလည်း ခဏခဏ ကူးလာ၍ အားလုံးပူပန်သောကရောက်လျက်ရှိကြ ၏။ မိဘများနှင့်မစိုးတို့လည်း မြတောင်ဘက်သို့ မပြန်ကြရတော့ဘဲ ကျောင်းဝင်းအပြင်ဘက်ရှိသီလရှင် ကျောင်း၌ ချက်ပြုတ်စားကြရ၏။ မိခင်နှင့်မစိုးတို့ သည် သီလရှင်ကျောင်း၌အိပ်ကြ၍ ဖခင်မူကား ကျွန်ုပ်၏ကျောင်းတွင် အိပ်ရ၏။ ကျွန်ုပ်အား ဘာ ဆေးဝါးများတိုက်ကြသည်ဟု ကျွန်ုပ်မသိရပေ။ တတိယနေ့နံနက်၌ ကျွန်ုပ် အတော်ကလေး သတိရ လျက်ရှိရာတွင် မိခင်နှင့်ဖခင်တို့က ဤနည်းအတိုင်း အဖျားတာရှည်ခဲ့လျှင် ပြုစုစောင့်ရှောက်ဖို့နှင့်တကွ အစစအရာရာတွင် အခက်အခဲရှိမည်ဖြစ်သော ကြောင့် ခေတ္တလူထွက်ပြီး နောင်တွင်မှ တစ်ဖန်ပြန် ဝတ်ရန်ပြောပြရာတွင် ကျွန်ုပ်သည်လည်း ၎င်းတို့၏ အခက်အခဲကို မြင်သည်နှင့် ဝမ်းနည်းစွာသဘောတူ လိုက်ရပါတော့သည်။

ကျွန်ုပ်ကား 'သေချင်သေပေစေ၊ လူမထွက်' ဆို သည့် အယူသီးသောလူတစ်ယောက်မဟုတ်ချေ။ ဖခင်သည် ဆရာတော်ဘုရားကြီးအား အဖြစ်အပျက် ကို လျှောက်ထားရာတွင် ဆရာတော်ဘုရားကြီးက မိမိပျံလွန်သောအခါ ကျောင်းသင်္ခမ်းကို စိတ်ချလက်ချ လွှဲအပ်ထားခဲ့နိုင်မည့် ရဟန်းတစ်ပါးရရှိပြီဟု ဝမ်း မြောက်ဝမ်းသာဖြစ်လျက်ရှိစဉ် ဤကဲ့သို့ဖြစ်ရခြင်း အတွက် အလွန်နှမြောလှကြောင်းနှင့် မိန့်တော်မူ လိုက်သည်ဟု ဖခင်ကပြန်ပြောလေသည်။ သို့ဖြစ်၍ ယင်းနေ့ညနေတွင် ကျွန်ုပ်အား ပက်လက်ကုလား ထိုင်ပေါ်တွင်တင်၍ ထမ်းယူသွားကြပြီးလျှင် မြတောင် ဘက်သို့ရောက်ခါမှ သိက္ခာချပြီး လူဝတ်လဲလိုက်ရ ပါတော့သည်။ ကျွန်ုပ်၏စိတ်ထဲ၌ကား ငါသည် ရဟန်းပြုရေးအတွက် ခဲယဉ်းစွာကြိုးစား၍ အောင်မြင် သောအခါမှ ဤကဲ့သို့ဖြစ်ရခြင်းမှာ ရဟန်းဇာတာ ပါဟန်မရှိသောကြောင့် ဖြစ်တန်ရာသည်ဟု အောက် မေ့ရာ နောက်တစ်ဖန် ရဟန်းပြုဖို့အတွက် လုံးဝ လက်လျှော့လိုက်ပါတော့သည်။

## ထူးဆန်းသောသတ္တိများ

ရဟန်းဘဝ၌ရှိစဉ် ကြံရွယ်ချက်မရှိဘဲလျက်နှင့် ကျွန်ုပ်ရရှိဟန်တူသည့် သတ္တိထူးအကြောင်းကို ဗဟု သုတအလို့ငှာ ဤနေရာ၌ ထည့်သွင်းဖော်ပြရပေဦး မည်။

ဝက်လက်ဘူတာမှ မန်ကျည်းတုံရွာသို့ ဖခင်နှင့် လျှောက်လာကြစဉ် နေကလည်း အလွန်ပူပြင်း၍ ထီးလည်းမပါချေ။ ဖခင်၌ထီးပါသော်လည်း ထီးမိုး ပေးခြင်းလည်း မခံလို။ သင်္ကန်းကို ခေါင်းပေါ်၌ တင်ပြန်လျှင်လည်း ရဟန်းအနေဖြင့် ဣန္ဒြေမဲ့သည် ဟု ယူဆသည်နှင့် နေပူကြီးကျဲကျဲ၌ ဦးခေါင်းပြောင် ပြောင်ကြီးနှင့်ပင် လျှောက်လာခဲ့သည်။

တစ်မိုင်ခန့် ရောက်လတ်သော် မခံမရပ်နိုင်အောင် ပူပြင်းလာခဲ့လေပြီ။ ခရီးကလည်း တစ်ဝက်ခန့်လိုသေး ၏။ ဤတွင် ကျွန်ုပ်သည် ဦးခေါင်းကို လက်ဝါးဖြင့် သပ်လျက် 'မပူနဲ့' ဆိုလိုက်ရာ ဦးခေါင်းရော ကိုယ်ပါ ချက်ချင်းအေးချမ်းသည်ကို ခံစားလိုက်ရသဖြင့် နေလုံးကိုတိမ်ဖုံး၍ သွားလေသလောဟု ကောင်းကင် သို့ မော့ကြည့်လိုက်မိသည်။ ကောင်းကင်၌ကား တိမ် တိုက်တစ်ခုမျှမရှိဘဲ ချစ်ချစ်တောက်ပူပြင်းသော နေလုံးသည်သာလျှင် ကြည်လင်စွာ ပေါ်ထွက်နေ ခြင်းကိုတွေ့ရသည်။ ကျွန်ုပ်မှာ ကိုယ့်ဟာကိုယ်လန့် ပြီး ကြက်သီးများ ထမတတ်ဖြစ်သွား၏။ အကြောင်း မူကား 'မပူနဲ့' ဟု အမိန့်ပေးလိုက်စဉ်က ဤသို့ဖြစ် လိမ့်မည်ဟု မမျှော်လင့်ဘဲ ပူလွန်းလှသောကြောင့် လုပ်မိလုပ်ရာလုပ်လိုက်ခြင်းမျှသာဖြစ်ရာ တကယ် ဖြစ်နေသောအခါ၌ 'ငါ့မှာ ဘယ်လိုသတ္တိထူးတွေများ ရနေပါလိမ့်' ဟု အလန့်တကြား တွေးတောမိသော ကြောင့်ပေတည်း။ လမ်းတစ်လျှောက်လုံး အရိပ်ထဲ၌ လျှောက်ရသည့်နှယ် လုံးဝမပူတော့ပေ။

## ဒုတိယအကြိမ်

ဒုတိယအကြိမ်မှာ ဧရာဝတီမြစ်ကို သမ္ဗန်သမား နှင့် နှစ်ယောက်တည်းကူးလာစဉ်ကဖြစ်၍ ထိုစဉ်က မြစ်လယ်တွင် လေရော မိုးပါ အကြီးအကျယ်ကျလာ တော့သည်။ ရေကူးတတ်သောကြောင့် ကြောက် လန့်ခြင်းမရှိသော်လည်း တစ်ကိုယ်လုံးမှာ ရွှဲရွှဲစိုလျက် ရှိလေပြီ။ တစ်ဖက်ကမ်းသို့ လွယ်ကူစွာရောက်၍ ဆိုက်ကပ်ထားသောဖောင်ထက်သို့ ချဉ်းကပ်ပြီးလျှင် မိုးခိုကြရသည်။ ဖောင်ပေါ်၌ရှိသော လူများသည် ခရီးဦးကြိုကြ၍ ဖောင်တဲကလေးထဲသို့ဝင်ရန် ပင့်ဖိတ် ကြသည်နှင့် ဝင်၍ထိုင်ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

# သဲကုန်းမြို့နယ်၌ မြို့နယ်အဆင့်ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်းဖွင့်လှစ်

သဲကုန်း ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ နိုင်ငံတော်အတွက် အားထားရမည့် ကျန်းမာကြံ့ခိုင်သည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်း လာစေရန်နှင့် ကာယပညာနှင့်အားကစား ဘာသာရပ်ကို စနစ်ကျစွာ သင်ကြားပို့ချ ပေးနိုင်မည့် ကာယဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာ ဦးစီးဌာနမှကြီးမှူး၍ ကာယပညာနှင့် အားကစားနည်းပြ(မြို့နယ်အဆင့်) မွမ်းမံ သင်တန်းဖွင့်ပွဲကို ဧပြီလ ၂၆ ရက်က သဲကုန်းမြို့ အခြေခံပညာအထက်တန်း ကျောင်း သာခုခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို အခြေခံပညာ ကျောင်းများမှ ကာယဆရာ၊ ဆရာမများ အနေဖြင့် Physical Fitness Dance ဖြင့် ခါး၊ ခြေ၊ လက် စသောခန္ဓာကိုယ်အစိတ် အပိုင်းလှုပ်ရှားခြင်း၊ လေ့ကျင့်ခြင်း၊ ကစား ခြင်းတို့ကို ပြန်လည်သင်ကြားပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယ ဖွံ့ဖြိုးပြီး ခန္ဓာကိုယ်ကြံ့ခိုင်ကာ ထူးချွန် ထက်မြက်သော မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွက်လာစေ ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကာယပညာနှင့် အားကစား နည်းပြမွမ်းမံသင်တန်းကို မြို့နယ်အတွင်း ရှိ အခြေခံပညာကျောင်းများမှ (ထက်/ လယ်/မူ) ကာယဆရာ၊ ဆရာမ ၃၆ ဦးအား သင်တန်းနည်းပြဆရာ ၁၁ ဦးက ကာယ ပညာစီမံအုပ်ချုပ်မှုဘာသာရပ်၊ ကာယ ပညာနှင့်အားကစားသင်ကြားမှုဘာသာ ရပ်၊ အားကစားလေ့ကျင့်မှုခန္ဓာဗေဒနှင့် ဆေးပညာဘာသာရပ်၊ ကာယပညာ အခြေခံသဘောတရားများ၊ Fitness Dance၊ ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်း အတွဲ(၃/၄)၊ ကြံ့ခိုင်မှုစွမ်းရည်လေ့ကျင့်ခန်း များ၊ ကြက်တောင်ကစားနည်း၊ စားပွဲတင် တင်းနစ်ကစားနည်း၊ ဘော်လီဘော အားကစားနည်း၊ ဘောလုံးကစားနည်း၊ ပြေး၊ ခုန်၊ ပစ်ကစားနည်း၊ အကြောဆန့် လေ့ကျင့်ခန်းများကို ဧပြီလ ၂၆ ရက်မှ ၂၈ ရက်အထိ စာတွေ့လက်တွေ့လေ့ကျင့် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရ သည်။

ချမ်းမြေ့

# မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများမီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့်အစီအစဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ပြောကြားချက်

နေပြည်တော် ဧပြီ ၂၇

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များမမျှော်လင့်ဘဲကျရောက်တတ်ပြီး ကြိုတင်မြော်တွေးတွက်ချက်၍မရနိုင်သော သဘာဝဘေးအန္တရာယ်မျိုးကျရောက်တတ်ပါသည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင်စစ်ဆေးခဲ့သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို မန္တလေးတက္ကသိုလ်တွင် စာစစ်လုပ်ငန်းများဆောင်ရွက်နေစဉ် မတ်လ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်တွင် အင်အားအလွန်ပြင်းထန်သည့် မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းကို မတ်လ ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၆-၆-၂၀၂၅ ရက်မှ ၂၁-၆-၂၀၂၅ ရက်အထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း ဧပြီလ ၂၂ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၌ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့်အစီအစဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ပြောကြားချက်များအား အခုလိုပဲ ကြားသိရပါတယ်-

**ဒေါက်တာချောချောစိန် (ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန)**




**❝အခုလိုပြန်ပြီးတော့ စာမေးပွဲတွေပြန်စစ်ရတယ်ဆိုတဲ့ ရည်ရွယ်ချက်ကတော့ မျှတမှုဖြစ်စေဖို့၊ ဂုဏ်သိက္ခာရှိဖို့နဲ့ Academic Career ကို အထောက်အကူဖြစ်ဖို့ပဲ ဖြစ်ပါတယ်။❞**

အခုဆိုလို့ရှိရင် မန္တလေးငလျင်ကြီးကြောင့်မို့လို့ Grade-12 ကလေးတွေက ပြန်ပြီးတော့ ဖြေရမယ်ဆိုတာမျိုးတွေ ဝန်ကြီးဌာနကနေပြီးတော့ ပြောကြားပြီးလည်းဖြစ်တယ်ပေါ့နော်။ အဲဒါနဲ့ပတ်သက်ပြီးလို့ရှိရင်လည်း အမျိုးမျိုးအဖုံဖုံတွေ ပြောနေကြတာတွေလည်း ရှိတယ်ပေါ့နော်။ အဲတော့ ဒီနေရာမှာ ကျွန်မအနေနဲ့ ပြောချင်တာကတော့ အခုလိုပြန်ပြီးတော့ စာမေးပွဲတွေပြန်စစ်ရတယ်ဆိုတဲ့ရည်ရွယ်ချက်ကတော့ မျှတမှုဖြစ်စေဖို့၊ ဂုဏ်သိက္ခာရှိဖို့နဲ့ Academic Career ကို အထောက်အကူဖြစ်ဖို့ပဲဖြစ်ပါတယ်။ အဲတော့ ပထမတစ်ချက်ဖြစ်တဲ့ Fairness ဆိုတဲ့အခါမှာ မေးခွန်းထုတ်စရာရှိပါတယ်။ ဘယ်လိုမျှတမှုကို ဆိုလိုချင်တာလဲဆိုတာမျိုးတွေရှိတယ်ပေါ့နော်။ အဲဒါဆိုလို့ရှိရင် ကျွန်မအနေနဲ့ ဥပမာလေးတစ်ခုပေးမယ်ပေါ့။ ရန်ကုန်တိုင်းဒေသကြီးမှာဖြေဆိုခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူတွေအများကြီးရှိမယ်၊ အဲထဲမှာ အရည်အချင်းတစ်ယောက်နဲ့ တစ်ယောက်မတူတာတွေရှိမယ်။ ဥပမာဆိုလို့ရှိရင် စာမေးပွဲအောင်မြင်ဖို့အတွက်ကို သိပ်ပြီးတော့ အခွင့်အလမ်းမရှိတဲ့သူတွေလည်း ရှိတာပေါ့နော်။ ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုပေါ်မှာမူတည်ပြီးတော့ အဲတာဆို သူက အရှုံးထဲမှာပါနေမယ်ဆိုပါတော့။ အဲတော့ မန္တလေးတိုင်းဒေသကြီးမှာလည်း ထိုနည်းပဲ ရန်ကုန်တိုင်းဒေသကြီးက ကျောင်းသားလိုပဲ အရည်အချင်းရှိတဲ့သူတစ်ယောက် ရှိချင်ရှိလာမယ်။ အကုန်လုံးကိုသာ အအောင်ပေးလိုက်မယ်ဆိုလို့ရှိရင်တော့ ဒါဆိုရင် ရန်ကုန်တိုင်းဒေသကြီးကသူတွေအတွက်က ဘာပြောလာမလဲ။ မန္တလေးတိုင်းဒေသကြီးကသူတွေကျတော့ သူတို့ကိုအအောင်ပေးတယ်၊ ရန်ကုန်တိုင်းဒေသကြီးကသူတွေကျတော့ အအောင်မပေးဘူးလားဆိုပြီး တရားမျှတမှုမရှိသလိုဖြစ်သွားမယ်။ နောက်ပြီး မြန်မာတစ်နိုင်ငံလုံးမှာကြိုးစားအားထုတ်ပြီးတော့ One to Ten ထဲမှာဝင်ချင်တဲ့သူတွေလည်းရှိတယ်။ သူတို့ကိုလည်း ဒီလိုပဲ ရိုးရိုးအောင်သွားမယ်ဆိုရင် အဆင်ပြေပါ့မလားဆိုတာလည်းရှိတယ်။ ဒါကြောင့် တရားမျှတမှုရှိစေဖို့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ စာမေးပွဲပြန်ဖြေဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ ဂုဏ်သိက္ခာရှိဖို့ဆိုတာက မန္တလေးငလျင်ကြောင့် အကုန်အအောင်ပေးလိုက်တယ်ဆိုပါစို့။ ဒါဆို အကုန်အအောင်ပေးလိုက်တဲ့ခေတ်မှာ အောင်လာကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေဆိုပြီး တချို့က ပြောလာကြမှာဖြစ်ပါတယ်။ ဒီလိုအပြောခံနိုင်ပါ့မလားဆိုတာလည်း စဉ်းစားကြရပါတယ်။ ဘာပဲပြောပြော ကျောင်းသား၊ ကျောင်းသူတွေအားလုံးဟာ ကိုယ့်ရဲ့ မာန်မာနလေးတွေ၊ ကြိုးစားအားထုတ်မှုလေးတွေကိုတော့ ပြချင်ကြတာဖြစ်ပါတယ်။ ဒါကြောင့် ဂုဏ်သိက္ခာရှိဖို့အတွက် စာမေးပွဲကို ပြန်လည်ကျင်းပခြင်းလည်းဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ဖြစ်တဲ့ Academic Career ဆိုတာကလည်း အရေးကြီးပါတယ်။ Grade-12 ဆိုတာက Grade-10 တို့၊ Grade-11 တို့နဲ့ မတူပါဘူး။ Grade-12 ဆိုတာက အသက်မွေးပညာ တက္ကသိုလ်တွေရဲ့ဝင်ခွင့်အောင်လက်မှတ်တစ်ခုဖြစ်ပါတယ်။ နောက်ပြီး ပြည်တွင်းတက္ကသိုလ်တင်သာမက နိုင်ငံတကာတက္ကသိုလ်တွေကို သွားမယ်ဆိုရင်လည်း Grade-12 က GCE O Level နဲ့ တူညီပါတယ်။ နိုင်ငံတကာရဲ့ဝင်ခွင့်တွေကို လျှောက်တဲ့အခါမှာလည်း ကိုယ့်ရဲ့ Performance တွေကိုပြဖို့ လိုအပ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် Academic Record တွေဖြစ်တယ်။ မူ၊ လယ်၊ ထက်ကနေပြီးတော့ တက်လာတဲ့ကျောင်းသားတွေက သူတို့ရဲ့ Performance တွေ၊ ကြိုးစားအားထုတ်မှုတွေကို စုစည်းလာတဲ့အခါ Grade-12 မှာ စုဘူးလေးတစ်နည်းအားဖြင့် တစ်ဝက်ပြည့်လာတယ်ပေါ့နော်။ အဲဒီရဲ့ပေါင်းကူးအဖြစ် တက္ကသိုလ်ကိုတက်တဲ့အခါမှာ Grade-12 ကအရေးကြီးပါတယ်။ အားလုံးကို စာမေးပွဲမဖြေခိုင်းတော့ဘူးဆိုရင် သူတို့ရဲ့ Grading ကို ဘယ်လိုသတ်မှတ်မလဲ။ Validity နဲ့ Recognition ကို ဘယ်လိုအသိအမှတ်ပြုရမလဲ ဆိုတာတွေလည်း ရှိနေတဲ့အတွက် စာမေးပွဲကိုပြန်လည်ကျင်းပပေးခြင်းဖြစ်ပါတယ်။ ကျွန်မလည်း ဒီအတောအတွင်းမှာ လေ့လာကြည့်လိုက်တဲ့အခါ ဥပမာလေးနှစ်ခုပေးပါမယ်။ ပထမတစ်ခုက ၂၀၁၆ ခုနှစ်မှာ အိန္ဒိယနိုင်ငံ အာသံပြည်နယ်မှာ Johart ကျောင်းမီးလောင်မှုဖြစ်ခဲ့ပါတယ်။ India Today ရဲ့ Website ထဲမှာ ကျွန်မကြည့်လိုက်တယ်။ ဒီလိုမီးလောင်မှုဖြစ်စဉ်ကြောင့် ကျောင်းသား၊ ကျောင်းသူတွေ စာမေးပွဲပြန်လည်ဖြေကြားခဲ့ရမှုရှိခဲ့ပါတယ်။ နောက်တစ်ခုကတော့ ဂျပန်နိုင်ငံပေါ့နော်။ ဂျပန်နိုင်ငံဆိုလို့ရှိရင် အားလုံးသိပါတယ်။ Earthquake နဲ့ Tsunami အမြဲတမ်းတွဲနေတယ်။ ၂၀၁၁ ခုနှစ်တုန်းကလည်း ဒီလိုမျိုးဖြစ်စဉ်ဖြစ်ခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာဆိုလို့ရှိရင် သူတို့နိုင်ငံမှာ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွေကို ပြန်ပြီးတော့ကျင်းပရမယ့်အချိန်မှာ Postpone လုပ်ရတာတွေလည်းရှိတယ်ဆိုတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံကတော့ ဖြစ်စဉ်တွေမတူပါဘူး။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်နေပါစေ သက်ဆိုင်ရာနိုင်ငံအသီးသီးရဲ့ တာဝန်ရှိတဲ့သူတွေအားလုံး နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ စာမေးပွဲဖြေဆိုနိုင်အောင် အကောင်းဆုံးစီစဉ်ဆောင်ရွက်ကြရတာပဲဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်မတို့မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ကလေးတွေ စာမေးပွဲပြန်လည်ဖြေဆိုရမယ့်အခါမှာ ပညာရေးဝန်ကြီးဌာနရော နိုင်ငံတော်ကပါ ကလေးတွေအတွက် အစစအရာရာ ပံ့ပိုးကူညီပေးမှာဖြစ်ပါတယ်။ ကလေးတွေအားလုံးအနေနဲ့ စာမေးပွဲကို ပြန်လည်ဖြေဆိုကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီငလျင်ဒဏ်ဟာ ဘယ်လိုမှမမျှော်လင့်တဲ့ ဆရာမတို့နိုင်ငံရဲ့ စိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စိန်ခေါ်မှုမှသည် အခွင့်အလမ်းတစ်ခုကို ရအောင်သွားလို့ရပါတယ်။ ဘယ်လိုအခွင့်အလမ်းမျိုးလဲဆိုရင် နံပါတ်တစ် ကိုယ့်ရဲ့ စိတ်ခံစားကြံ့ခိုင်မှုဆိုတာကို အားလုံးပြသနိုင်တဲ့ အခွင့်အလမ်းတစ်ခုရှိတယ်။ နောက်နံပါတ်နှစ်က ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုကို အားလုံးကို သက်သေပြနိုင်တယ်။ နောက်တတိယအချက်ကတော့ မိမိရဲ့ အနာဂတ်အိပ်မက်ကို သူများထက်နှစ်ဆ ကြိုးစားနိုင်တယ်ဆိုတာကို မြန်မာနိုင်ငံမှာတင်မက ကမ္ဘာကိုပါပြသနိုင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေဖြစ်ကြမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူအားလုံး စာမေးပွဲ ပြန်လည်ဖြေဆိုကြဖို့တိုက်တွန်းလိုက်ပါတယ်။ အားလုံးကျောင်းသား၊ ကျောင်းသူများ Fighting ပါရှင့်။

**ဒေါက်တာခင်သီတာ ( ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန)**

နိုင်ငံတော်ကနေပြီးတော့ ဒီကျောင်းသား၊ ကျောင်းသူတွေပြန်လည်ဖြေဆိုဖို့အတွက် လုံလောက်တဲ့အချိန် သတ်မှတ်ပေးပြီးတော့ ပြန်လည်ဖြေဆိုမှာပဲဖြစ်ပါတယ်။ ပြီးတော့လည်းပဲ ဒီကျောင်းသား၊ ကျောင်းသူတွေ ပြန်လည်ဖြေဆိုဖို့အတွက် Camp တွေသွင်းပြီးတော့ လေ့ကျင့်သင်ကြားပေးတဲ့ စခန်းတွေမှာ Revision Class တွေဖွင့်လှစ်ပြီးတော့ သင်ကြားပို့ချမှာပဲဖြစ်ပါတယ်။ Revision Class ဆိုတာကတော့ ဆရာမတို့ ဒီကျောင်းတက်စဉ်အချိန်ကာလမှာ အရေးကြီးတဲ့သင်ခန်းစာတွေကို တက္ကသိုလ်ပါမောက္ခတွေကိုယ်တိုင်ကနေပြီးတော့ Short to the Point သင်ကြားပို့ချပေးပြီးတော့ ဒီကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေက ကျောင်းသား၊ ကျောင်းသူတွေအတွက်ကို လေ့ကျင့်ပြီးတော့ သင်ကြားပို့ချပေးမှာပဲဖြစ်ပါတယ်။ ဒါကြောင့်မလို့ ဒီကျောင်းသား၊ ကျောင်းသူတွေဟာ Revision Class တွေမှာတက်ရောက်ပြီးတော့ ပြန်လည်ဖြေကြားရင်တော့ **စာမျက်နှာ ၆ သို့ ➢**




**❝လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ ကျောင်းသား၊ ကျောင်းသူတွေကို သူတို့ရဲ့ စားဝတ်နေရေး၊ နေထိုင်စားသောက်ရေး၊ သောက်ရေ၊ သုံးရေ၊ ချိုးရေကအစ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ လုံခြုံရေးစောင့်ရှောက်မှုတွေကိုပါပေးပြီးတော့ သူတို့ကို နေထိုင်စေမှာပဲဖြစ်ပါတယ်။❞**

**❝အကြောင်းအမျိုးမျိုးကြောင့်လာပြီးတော့ သင်ကြားမှုမပြုနိုင်တဲ့ ကလေးတွေအတွက်ဆိုရင်လည်းပဲ ဆရာမတို့က Online Class တွေကို ဖွင့်လှစ်ပေးမှာပဲဖြစ်ပါတယ်။ ဥပမာအားဖြင့်ပေါ့နော်၊ ဆေးရုံတက်ရောက်နေတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက်ကို ဆရာမတို့က Online Class တွေကို အခကြေးငွေမယူဘဲနဲ့ သင်တန်းတက်ရောက်စေမှာပဲဖြစ်ပါတယ်။❞**

# မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၇

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီနယ်မြေ တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇွန်လ ၁၆ ရက်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုရန် ကြေညာထားပြီးဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအကြား မျှတမှုရှိစေရေးအတွက် အဖြေလွှာများပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုစေခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကချင်ပြည်နယ်တို့တွင် ဘာသာစုံဖြေဆိုထားသော ကျောင်းသား၊ ကျောင်းသူပေါင်း ၆၃၀၀၀ ခန့်ရှိကြောင်း၊ ထိုကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်များ၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည့်ကျောင်းသုံးပစ္စည်းများနှင့် လိုအပ်သည်များကို ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အားပြန်လည်မြှင့်တင်ပေးရန် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သတ်မှတ်ထားသောကျောင်းများတွင် တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက လာရောက်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အခြေခံပညာ ဆရာ၊ ဆရာမများက ဆက်လက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သင်ကြားမည့်ကျောင်း၊ ဆရာ၊ ဆရာမစာရင်း၊ အချိန်ဇယားနှင့်သင်ခန်းစာများကို သေချာစွာပြင်ဆင်ထားရှိရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းသား၊ ကျောင်းသူများအတွက် သတ်မှတ်ထားသော ကျောင်းများ၊ စခန်းများတွင် သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိရေးနှင့် သန့်စင်ခန်းများ အဆင်ပြေစေရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဆောင်ရွက်နေမှုများနှင့်လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

➢ စာမျက်နှာ ၅ မှအဆက်

ဒီတက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုနိုင်မှာပါလို့ ဆရာမယုံကြည်ပါတယ်။ လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ ကျောင်းသား၊ ကျောင်းသူတွေကို သူတို့ရဲ့ စားဝတ်နေရေး၊ နေထိုင်စားသောက်ရေး၊ သောက်ရေ၊ သုံးရေ၊ ချိုးရေကအစ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ လုံခြုံရေးစောင့်ရှောက်မှုတွေကိုပါပေးပြီးတော့ သူတို့ကို နေထိုင်စေမှာပဲဖြစ်ပါတယ်။ သင်ခန်းစာတွေကို အခက်အခဲမရှိဖြေဆိုနိုင်ဖို့အတွက်ကိုလည်း တက္ကသိုလ်အသီးသီးက ပါမောက္ခတွေက နေပြီးတော့ အနီးကပ်သင်ကြားပို့ချပေးမှာပဲ ဖြစ်ပါတယ်။ အဲဒီတက္ကသိုလ်တွေက ဆရာ၊ ဆရာမတွေ၊ ပါမောက္ခတွေအတွက်လည်းပဲ ဆရာမတို့ကနေပြီးတော့ သူတို့ရဲ့ စားရေးသောက်ရေးတွေကိုပါ စီစဉ်ပေးထားမှာပဲ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လာပြီးတော့ သင်ကြားမှု မပြုနိုင်တဲ့ ကလေးတွေအတွက်ဆိုရင်လည်းပဲ ဆရာမတို့က Online Class တွေကို ဖွင့်လှစ်ပေးမှာပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့်ပေါ့နော်၊ ဆေးရုံတက်ရောက်နေတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက်ကို ဆရာမတို့က Online Class တွေကို အခကြေးငွေမယူဘဲနဲ့ သင်တန်းတက်ရောက်စေမှာပဲ ဖြစ်ပါတယ်။ ဒါ့အပြင်ကို Education Channel ကနေပြီးတော့ သင်ခန်းစာတွေကို အမြဲမပြတ်ထုတ်လွှင့်ပေးမှာပဲဖြစ်ပြီးတော့ ပုဂ္ဂလိကကျောင်းတွေရဲ့ Youtube Channel၊ Telegram တွေရဲ့ ပညာဒါနသင်တန်းတွေကလည်းပဲ သင်ခန်းစာတွေကို လေ့လာနိုင်မှာပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသားတွေလိုအပ်တဲ့ Textbook တွေ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခဲဖျက် စတဲ့သင်ထောက်ကူပစ္စည်းတွေကိုလည်းပဲ အကုန်အားလုံး ကူညီပံ့ပိုးပေးသွားမှာပဲ ဖြစ်ပါတယ်။ လိုအပ်လို့ရှိရင်ပေါ့နော်၊ ဒီသင်ကြားရေးမှာ လိုအပ်တဲ့စာရွက်စာတမ်းတွေလိုအပ်သလို ပံ့ပိုးပေးသွားမှာပဲ ဖြစ်ပါတယ်။ ဒီအားလုံးကို ပညာရေးဝန်ကြီးဌာနအနေနဲ့ စေတနာမေတ္တာထားပြီးတော့ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက်ကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။ ဆရာမအနေနဲ့ နောက်တစ်ခု ဘာပြောချင်လဲဆိုတော့ ဒီတက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုဖို့အတွက်လည်း ကျောင်းသား၊ ကျောင်းသူတွေအားလုံး ပြန်ပြီးတော့ ဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်။

**" ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသားတွေလိုအပ်တဲ့ Textbook တွေ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခဲဖျက် စတဲ့သင်ထောက်ကူပစ္စည်းတွေကိုလည်းပဲ အကုန်အားလုံးကူညီပံ့ပိုးပေးသွားမှာပဲဖြစ်ပါတယ်။ ဒီသင်ကြားရေးမှာ လိုအပ်တဲ့စာရွက်စာတမ်းတွေလိုအပ်သလိုပံ့ပိုးပေးသွားမှာပဲဖြစ်ပါတယ်။ "**

**ဦးအောင်ထိုက်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)**




တက္ကသိုလ်ဝင်စာမေးပွဲက ကျွန်တော်တို့အနေနဲ့ ရမှတ်နဲ့စိစစ်ရွေးချယ်တာပါ။ အဲတော့ ရမှတ်တွေအပေါ်မူတည်ပြီး တက္ကသိုလ်ဝင်ခွင့်ကို စိစစ်ရွေးချယ်တာဖြစ်တယ်။ ဒီလိုရွေးချယ်တဲ့အခါမှာလည်း စာမေးပွဲက တိကျမှန်ကန်ပြီး တရားမျှတမှုရှိဖို့လည်း အရေးကြီးပါတယ်။ အဲ့လိုအရေးကြီးတဲ့အချိန်မှာ အမှတ်တစ်မှတ်ရဲ့တန်ဖိုးဟာ အင်မတန် အရေးကြီးပါတယ်၊ အဲဒါအပြင် မြန်မာနိုင်ငံက တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်နဲ့ အမှတ်စာရင်းတွေက နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်လျှောက်တဲ့အခါ အလုပ်တွေဝင်ရောက်လျှောက်ထားတဲ့အချိန်မှာ ဒါတွေကအရေးကြီးတယ်၊ အသိအမှတ်ပြုအထောက်အထားတွေ ဖြစ်ပါတယ်။ အဲတော့ ဒါတွေကလည်း အရည်အသွေးရှိဖို့ လိုအပ်ပါတယ်။ အဲ့ဒီအရည်အသွေးတွေကို နိုင်ငံတကာတက္ကသိုလ်တွေက အသိအမှတ်ပြုပြီး မြန်မာနိုင်ငံကျောင်းသားတွေလည်း နိုင်ငံတကာတက္ကသိုလ်တွေမှာ တက်ရောက်နေတာရှိပါတယ်။ ရှိတော့ ဒါတွေရဲ့ တိကျမှန်ကန်မှု၊ အရည်အသွေးရှိမှုကို တာဝန်ယူရတဲ့ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကျင်းပရတဲ့ နိုင်ငံတော်အဆင့်စာမေးပွဲတွေကို တရားမျှတပြီးတော့ စည်းစနစ်ကျစွာ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၁၉၇၁ ခုနှစ်က စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုပြန်လည်ဖြေဆိုမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဖြေဆိုသူ ကျောင်းသားဦးရေ ၆၃၀၀၀ ခန့်ရှိပါတယ်။ စာစစ်ဌာန ၂၀၀ နီးပါးရှိပါတယ်၊ အရင်မတ်လကဖြေဆိုခဲ့တဲ့ ကလေးတွေရော၊ အခုပြန်လည်ဖြေဆိုမယ့်ကလေးတွေရော စာမေးပွဲအောင်စာရင်းကို တစ်ပြိုင်တည်း တစ်ချိန်တည်းကြေညာဖို့ စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှာ တရားမျှတပြီး တိကျမှန်ကန်စွာနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အရည်အသွေးကို စစ်ဆေးအကဲဖြတ်ပြီး ပညာရေးကို မြှင့်တင်ရန်ဆိုတဲ့ ရည်မှန်းချက်ရှိပါတယ်။ အဲ့ဒီရည်မှန်းချက်အရ ဆရာတို့အနေနဲ့ ဒီတက္ကသိုလ်ဝင်စာမေးပွဲရဲ့အရည်အသွေးနဲ့ အသိအမှတ်ပြုခံရမှုအပေါ် တိကျခိုင်မာမှုရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ။

**" အခုပြန်လည်ဖြေဆိုမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဖြေဆိုသူ ကျောင်းသားဦးရေ ၆၃၀၀၀ ခန့်ရှိပါတယ်။ စာစစ်ဌာန ၂၀၀ နီးပါးရှိပါတယ်။ "**

မြဝတီ

# မြန်မာနိုင်ငံပျားမွေးမြူရေးပြက္ခဒိန်

မောရဝတီ

ပျားမွေးမြူရေးလုပ်ငန်းတွင် အခြေစိုက်မွေးမြူနည်းနှင့်ရွှေ့ပြောင်းမွေးမြူနည်းဟူ၍ နှစ်မျိုးရှိသည်။ အခြေစိုက်မွေးမြူနည်းကို ပျားအုံ ၅ အုံမှ အုံ ၅၀ အထိသာ မွေးမြူသင့်ပြီး ဝါသနာအရ မွေးမြူခြင်း၊ သင်ထောက်ကူအဖြစ် သင်တန်းကျောင်းများတွင်မွေးမြူခြင်း၊ စိုက်ပျိုးရေးသုတေသနခြံများတွင် ဝတ်မှုန်ကူးပေးရန်အတွက် မွေးမြူခြင်း၊ ပျားဘုရင်မသီးသန့်မွေးမြူထုတ်လုပ်ရန်မွေးမြူခြင်း စသည့်ရည်ရွယ်ချက်များဖြင့်သာ မွေးမြူလေ့ရှိသည်။ အားသာချက်များအဖြစ် ပျားအုံရွှေ့ပြောင်းစရိတ်ကုန်ကျမှုမရှိခြင်း၊ ဝတ်မှုန်ကူးခြင်းကို ရာသီအလိုက် စိုက်ပျိုးသီးနှံများအား ဆောင်ရွက်ပေးနိုင်ခြင်း၊ သင်တန်းသားများအား လက်တွေ့ပြသဆောင်ရွက်နိုင်ခြင်း၊ ပျားအုံနှင့်ပျားလုပ်ငန်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုနည်းပါးခြင်းနှင့် ပျားဘုရင်မမွေးမြူရာတွင် ဘုရင်မပျိုမိတ်လိုက်ရေိယာ တည်မြဲစွာရှိနေနိုင်ခြင်း စသည်တို့ဖြစ်သည်။ သို့ရာတွင် ပျားအုံမြောက်မြားစွာ စီးပွားဖြစ်မွေးမြူမှု မပြုနိုင်ခြင်း၊ ဧကများစွာဝတ်မှုန်ကူးနိုင်မှုမရှိခြင်းနှင့် ပျားစာအမြဲမပြတ်ရရှိနိုင်ရန် ခက်ခဲခြင်းကြောင့် အစားထိုးစာ/ဖြည့်စွက်စာများကျွေးမွေးစရိတ်ကုန်ကျခြင်း စသည့် အားနည်းချက်များကြောင့် ရွှေ့ပြောင်းပျားမွေးမြူရေးစနစ် (Migratory Beekee-ping)ကိုသာ မြန်မာနိုင်ငံ၌ကျင့်သုံးမွေးမြူကြသည်။

**ပျားတို့၏အစာအာဟာရလိုအပ်မှုများ**

ပျားများအတွက် အဓိက အစာအာဟာရနှစ်မျိုးရှိပြီး ဝတ်မှုန်(pollen)နှင့် ဝတ်ရည်(nactor) ဖြစ်သည်။ ပျားတို့သည် ဝတ်မှုန်ကို အသားဓာတ်(protein)အတွက်စားသုံးပြီး ဝတ်ရည်(nactor) ကိုမူ စွမ်းအင်(Energy)အတွက် စားသုံးရသည်။ ပျားများအတွက် အစာရရှိသော ပျားစာရအပင်များ (honey plant)တွင် ဝတ်မှုန်တစ်မျိုးတည်းသာရရှိသောအပင်များ၊ ဝတ်ရည်တစ်မျိုးသာရရှိသောအပင်များနှင့် ဝတ်ရည်၊ ဝတ်မှုန်နှစ်မျိုးရသောအပင်များဟူ၍ရှိသည်။

**မြန်မာနိုင်ငံရှိ ပျားစာပင်များ**

မြန်မာနိုင်ငံတွင် ပျားစာရအပင်များ (honey plant)အဖြစ် သဘာဝပေါင်းပင်များ၊ သစ်တောသစ်ပင်များ၊ နှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံပင်များနှင့် ရာသီအလိုက်စိုက်ပျိုးသီးနှံပင်များဟူ၍ ငါးမျိုးရှိသည်။ သဘာဝပေါင်းပင်များဖြစ်သော ပိစပ်၊ ပင့်ကူထိပ်ပိတ်(နှမ်းဘီလူး၊ ပန်းသုံးဆင့်)၊ ဘောက်ချေး၊ ဆူးလေ၊ တောငရုတ်၊ တပင်ရွှေထီး၊ ပုစွန်စာ၊ ထိကရုံး၊ နေကြာရိုင်း (ရှမ်းပြည်နယ်တွင် ပေါက်ရောက်သည်) စသည်တို့သည်လည်းကောင်း၊ သစ်တောသစ်ပင်များဖြစ်သည့် လက်ပံ၊ အင်ကြင်း၊ လဲမှို့၊ ကန္တာရရှား၊ အော်ရေးရှား၊ မန်ကျည်းရှားအပင်များသည်လည်းကောင်း၊ ဆီး၊ လိုက်ချီး၊ လောင်ကန်၊ နင်းသီး၊ ရှော်ဘာ၊ သရက် စသည့် နှစ်ရှည်ပင်များသည်လည်းကောင်း၊ ငှက်ပျော၊ ဘူး၊ ဖရုံ၊ သခွား၊ ဖရဲ၊ ခဝဲ၊ ကြက်သွန်၊ ငရုတ် စသောဥယျာဉ်ခြံသီးနှံပင်များသည်လည်းကောင်း၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ပဲအမျိုးမျိုး၊ ဝါ၊ ပြောင်းအမျိုးမျိုး စသည့် ရာသီသီးနှံ တို့သည်လည်းကောင်း ပျားတို့အတွက် ပျားစာပင် (honey plant)များ ဖြစ်သည်။



**မြန်မာနိုင်ငံ၏ပျားစာအရလုပ်ငန်းစဉ်များ**

ပျားမွေးမြူရေးလုပ်ငန်းအောင်မြင်ရန်အတွက် အဓိကအားဖြင့် အချက်လေးခုဖြင့် ပြည့်စုံရန် လိုအပ်သည်။ ပျားရောဂါကင်းစင်မှု၊ ပျားဘုရင်မများ အရည်အသွေးကောင်းမွန်မှု၊ ပျားစာပြတ်လပ်ခြင်းအားဖြေရှင်းနိုင်မှု၊ ပျားမွေးမြူသူ ပျားစခန်းတာဝန်ခံ( Beekeeper )၏ ပျားအုံကိုင်တွယ်ထိန်းသိမ်းခြင်း(management)ကောင်းမွန်မှန်ကန်မှုတို့ဖြစ်သည်။ ထိုအချက်လေးခုအနက် ပျားစခန်းတာဝန်ခံ၏ တာဝန်ပြည့်စုံကောင်းမွန်မှုသည် စဉ်ဆက်မပြတ်လိုအပ်နေပြီး ပျားရောဂါကင်းစင်ရန်နှင့် ပျားဘုရင်မများအရည်အသွေးကောင်းမွန်နေစေရန် အတွက် ကိုမူ ပျားစာရာသီအလိုက် အချိန်ကိုက်ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပျားရောဂါများအနေဖြင့် အတောင်လိပ်ရောဂါ၊ ကပ်ပါးမွှား (Tropilaelaps)နှင့် ကပ်ပါးမွှား(Varroa) ရောဂါတို့သာအဖြစ်များပြီး အမေရိကန်သားလောင်းပုပ်ရောဂါ (AFB)နှင့် ဥရောပသားလောင်းပုပ်ရောဂါ (EFB)တို့ ဖြစ်ပွားမှုမရှိပါ။ (ဖြစ်ပွားမှုရှိလျှင် ပျားအုံနှင့်လုပ်ငန်းသုံးပစ္စည်းများပါ မီးရှို့ဖျက်ဆီးရတတ်သည်)။

ကပ်ပါးမွှားရောဂါကုသခြင်းကို နှစ်စဉ်မေလတွင်ဆောင်ရွက်ရသည်။ အကြောင်းမှာ ပျားရောဂါကုသမှုပြီးဆုံးလျှင် ပျားအုံများအင်အားလျော့နည်းကျဆင်းလေ့ရှိသဖြင့် ကုသမှုပြီးဆုံးသည့်အချိန်နှင့် ဝတ်ရည်+ဝတ်မှုန်နှစ်မျိုးလုံးရရှိပြီး ပျားဘုရင်မအတွက် သားလောင်းပေါက်ပွားမှုကောင်းမွန်သော နွေနှမ်းပျားစာ (နှမ်းစိုက်ခင်း)ပေါ်များစွာရရှိမှု အချိန်ကိုက်ဖြစ်ရန်လိုသည်။ ထို့ကြောင့် နှစ်စဉ်မေလတွင် ပျားရောဂါကုသမှုကို ပျားစခန်းအားလုံးဆောင်ရွက်ရသည်။

**ပျားအုံဖွံ့ဖြိုးရေး**

ပျားရောဂါကင်းစင်သော ပျားအုံများအား ဖွံ့ဖြိုးတိုးတက်စေရန် ပျားဘုရင်မများ မွေးမြူ၍ ဥနှုန်းကျဘုရင်မများအား အစားထိုးလဲလှယ်ခြင်း၊ ပျားသလက်အသစ်များတည်ဆောက်ခြင်းတို့ကို ဇွန်လမှ ဇူလိုင်လကုန်အထိ (မိုးနှမ်း)နှမ်းပျားစာအချိန်တွင်ဆောင်ရွက်ကြပြီး ပျားအုံတိုးပွားခြင်း၊ ပျားသလက်ချပ်များတိုးပွားခြင်းများကိုသာ လုပ်ဆောင်ကြရသည်။ မြန်မာ့ပျားမွေးမြူရေးပြက္ခဒိန်အရ ဩဂုတ်လသည် ပျားစာရှားပါးသဖြင့် ရှမ်းပြည်နယ်ရှိ ပြောင်းဖူးစိုက်ခင်းများသို့ ရွှေ့ပြောင်းပြီး မွေးမြူကြသော်လည်း ပြောင်းဖူးစိုက်ခင်း (ပျားစာပင်)များသည် ဝတ်မှုန်တစ်မျိုးတည်းသာရရှိသဖြင့် ပျားအုံများအား ဝတ်ရည်ဖြည့်စွက်စာ/အစားထိုးစာအဖြစ် သကြားရည်တိုက်ကျွေး မွေးမြူကြရသည်။

ထိုသို့သကြားရည်တိုက်ကျွေးခြင်းသည် ပျားရည်ထုတ်လုပ်ရန်မဟုတ်ပေ။ ပျားတို့အတွက်လိုအပ်သောအစာနှစ်မျိုး (ဝတ်ရည်+ဝတ်မှုန်)အနက် သဘာဝအစာအဖြစ် ဝတ်မှုန်တစ်မျိုးသာရရှိသဖြင့် လိုအပ်သောဝတ်ရည်အတွက် သကြားရည်တိုက်ကျွေးမွေးမြူခြင်းဖြင့် ပျားအင်အား တိုးပွားများပြားမှုကိုဖြစ်စေပြီး စက်တင်ဘာလမှ အောက်တိုဘာလ(ဆီးပွင့်ချိန်)အတွင်း ပျားရည်ထုတ်လုပ်မှုကို အင်တိုက်အားတိုက်ဆောင်ရွက်ရရှိနိုင်မည်ဖြစ်သည်။ ဆီးပျားရည်သည် မြန်မာနိုင်ငံမှ ထုတ်လုပ်သော ပျားရည်အားလုံး၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိထွက်ရှိသော အဓိကပျားရည်ဖြစ်သည်။

**ဆောင်းရာသီနှင့်ပန်းနှမ်းပျားရည်**

အောက်တိုဘာလကုန်၍ နိုဝင်ဘာလဆန်းလျှင် ဆောင်းရာသီပျားစာများအဖြစ် ပန်းနှမ်း၊ ဆီမုန်ညင်း၊ နေကြာရိုင်း၊ ပိစပ်ပျားစာပင်များပွင့်လန်းရာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း) ဒေသများသို့ အများစုရွှေ့ပြောင်းမွေးမြူကြပြီး အနည်းစုမှာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနေကြာ၊ ပဲစင်းငုံ၊ ဆောင်းနှမ်း၊ ပဲအမျိုးမျိုး စိုက်ခင်းများသို့ ပြောင်းရွှေ့မွေးမြူကြသည်။ ပန်းနှမ်း၊ ဆီမုန်ညင်း ပျားရည်များသည် ရေပါဝင်မှုအနည်းဆုံး (အပျစ်ဆုံး) ပျားရည်များဖြစ်ပြီး ပြည်ပပို့ရာတွင် လူကြိုက်များသောပျားရည်ဖြစ်သည်။

ပျားရည်ဟူသည် ပန်းအမျိုးအစားအလိုက် ဆီးပျားရည်၊ နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ လိုက်ချီးပျားရည်၊ ရှော်ဘာပျားရည်စသဖြင့် အမျိုးအမည်ခေါ်ဝေါ်မှု ကွဲပြားကြသော်လည်း မည်သည့်ပျားရည်က ပိုကောင်းသည်ဟုမရှိပေ။ ပျားရည်အစစ်အမှန်ဖြစ်ရန်

**❖ ပျားရည်ဟူသည် ပန်းအမျိုးအစားအလိုက် ဆီးပျားရည်၊ နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ လိုက်ချီးပျားရည်၊ ရှော်ဘာပျားရည်စသဖြင့် အမျိုးအမည်ခေါ်ဝေါ်မှု ကွဲပြားကြသော်လည်း မည်သည့်ပျားရည်က ပိုကောင်းသည်ဟုမရှိ၊ ပျားရည်အစစ်အမှန်ဖြစ်ရန်နှင့် ရင့်မှည့်ပျားရည်ဖြစ်ရန်သာလို . . .**

နှင့် ရင့်မှည့်ပျားရည်ဖြစ်ရန်သာလိုသည်။ ရင့်မှည့်ပျားရည်ဟူသည် လုပ်သားပျားများ သယ်ယူစုဆောင်းထားသည့် ပန်းပွင့်မှ ဝတ်ရည်များအား အုံထိန်းပျား(house bee)များက ရုပ်ပြောင်းလဲခြင်း၊ ဓြပ်ပြောင်းလဲခြင်း ပြုလုပ်ပြီး ဝတ်ရည်(nactor)မှ ပျားရည်(honey)ဖြစ်စေကာ ပျားဖယောင်းဖုံးအုပ်ထားသော ပျားရည်ဖြစ်သည်။ တစ်နည်းအားဖြင့် စေးပျစ်မှုကောင်းပြီး ရေပါဝင်မှုနှုန်းတိုင်းကိရိယာ (Refratometer) ဖြင့်တိုင်းပါက water contant ၂၂ ရာခိုင်နှုန်းအောက်သာရှိသော ပျားရည်များဖြစ်သည်။

**ပျားရောဂါကာကွယ်ခြင်း**

မြန်မာနိုင်ငံ၏ ပျားမွေးမြူရေးပြက္ခဒိန်အရ တစ်နှစ်လျှင် ပျားရောဂါကုသမှု တစ်ကြိမ် (မေလ) နှင့် ကာကွယ်မှုနှစ်ကြိမ် (ဩဂုတ်လ၊ ဒီဇင်ဘာလ)ဆောင်ရွက်ကြရသည်။ ဆောင်းရာသီပန်းနှမ်း၊ ဆီမုန်ညင်း ပျားစာပြီးဆုံးချိန်တွင် တောင်ပေါ်မှမြေပြန့်သို့ ပြန်ဆင်းရွှေ့ပြောင်းရသဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း၊ တောင်ပေါ်ဒေသတွင် ဒေသခံသစ်ခေါင်းပျားများ၊ ပျားကြီးမျိုးများနှင့်ထိတွေ့ရာမှ ကူးစက်မှုကြောင့်လည်းကောင်း Varroa-jacobsoni ကပ်ပါးမွှားရောဂါဖြစ်ပွားကူးစက်တတ်သဖြင့် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ကာ ပျားရောဂါကာကွယ်မှု ပြုလုပ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများရှိ ဆောင်းနေကြာစိုက်ခင်းများ၊ လဲမှို့၊ လက်ပံ စသည့် သစ်တောသစ်ပင်များ၊ နံနံ၊ ကြက်သွန် စသည့် စားဖိုဆောင်သီးနှံစိုက်ခင်းများ၊ သရက်၊ သံပရာ စသည့်ဥယျာဉ်ခြံများသို့ ရွှေ့ပြောင်းမွေးမြူကြရပြန်သည်။ ၎င်းနေရာများတွင် တစ်လခွဲနှစ်လခန့်မွေးမြူ၍ ပျားဝတ်မှုန်ထုတ်လုပ်မှု၊ ပျားဘုရင်မမွေးမြူမှုနှင့် ပျားရည်ထုတ်လုပ်မှု ဆောင်ရွက်ကြပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်တို့ရှိ လိုက်ချီးပျားစာပင်(နှစ်ရှည်ပင်)များရှိရာသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ရှိ(နှစ်ရှည်ပင်)ရှော်ဘာစိုက်ခင်းများသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရှိ သဘာဝပေါင်းပင် (ပင့်ကူထိပ်ပိတ်၊ တောငရုတ်)များရှိရာသို့လည်းကောင်း အများစုရွှေ့ပြောင်းမွေးမြူကာ ရှော်ဘာပျားရည်နှင့်ပန်းပေါင်းစုံပျားရည်များ ထုတ်လုပ်ကြသည်။

ဤသို့ဖြင့် မတ်လကုန် ဧပြီလဆန်းတွင်လည်းကောင်း၊ ဧပြီလ တတိယပတ် (သင်္ကြန်အပြီး) ကာလတွင်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းမှ ပျားစခန်း/ပျားအုံများအားလုံးနီးပါးသည် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ နွေနှမ်း(ရေသွင်းနှမ်း)စိုက်ခင်းများရှိရာသို့ ပြန်လည်ရွှေ့ပြောင်းရောက်ရှိလာကြပြီး မြန်မာနိုင်ငံ၏ ပျားမွေးမြူရေးပြက္ခဒိန် ပထမလကို ပျားရောဂါကုသခြင်းဖြင့် စတင်ကြပြန်ပါတော့သည်။ ။

# ဝပြီး ဗိုက်စူသူများအတွက် သင်္ဘောသီးဓာတ်စာ

ဝလာသူများတွင် ဝခြင်းအကြောင်းရင်းခံ နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ အဆီတိုးပြီး ဝလာသူ၊ မျိုးရိုးအလိုက် ဝသူဖြစ်ပြီး နောက်တစ်မျိုးမှာ အသက် ၄၀ ကျော်၊ ၅၀ အတွင်းမှ ဝလာသူ (လေဝဟုခေါ်သည်)များဖြစ်သည်။

မျိုးရိုးအလိုက် ဝသူ၊ အဆီတိုးပြီ ဝလာသူများမှာ ကိုလက်စထရောတက်သည်ဟုဆိုသော်လည်း ကောင်းသည့်ကိုလက်စထရော (HDL) များနေလျှင် ဝသော်လည်း ကျန်းမာနေမည်၊ စားနိုင်၊ သွားနိုင်၊ အိပ်ပျော်၊ ဝမ်းမှန်ဖြစ်နေတတ်သည်။

အသက်ကြီးမှ ဝလာသူများမှာ ကျန်းမာရေးချူချာတတ်သည်။ မျက်နှာနှင့်လက်ချောင်းများတွင် မဝဘဲ ဗိုက်စူထွက်လာသဖြင့် ဝလို့၊ လှလို့ မဖြစ်နိုင်ပေ။ လမ်းလျှောက်နည်းပြီး အထိုင်များလျှင် ပိုဆိုးသည်။ ဗိုက်က သိသိသာသာစူထွက်ပြီး ကြည့်မကောင်းဖြစ်တတ်သည်။ ဘီယာဗိုက်ဟု ခေါ်ကြသည်။ စည်ဘီယာအသောက်များသူများတွင် ထိုသို့ဖြစ်တတ်သောကြောင့်ဖြစ်သည်။

အမှန်မှာ ညနေစောင်းနှင့် ညအချိန်မတော်စားရာမှ ဝမ်းဗိုက်နှင့် အူမကြီးတွင် အစာများစုပုံကာ အူမကြီးတွင် လေပွပြီး ဗိုက်စူထွက်လာခြင်းဖြစ်သည်။ ညစာစားခြင်းကို လျှော့လိုက်လျှင် ဗိုက်စူခြင်းသည် ပြန်၍သက်သာသွားတတ်သည်။

လေဝ ဝသူများ၏ အဓိကချို့ယွင်းချက်မှာ ဝမ်းချုပ်ခြင်းဖြစ်သည်။ ကောက်ညှင်း၊ ဆန်စေး၊ အုန်းထမင်း၊ ဒံပေါက်၊ အကြော်အလှော်၊ အကင်များစားသည့်နေ့တွင် အစာမကြေဖြစ်ပြီး ပို၍ပင် ဝမ်းချုပ်လေ့ရှိသည်။

ဝမ်းချုပ်သောအခါ ဗိုက်က ပို၍စူလာပြီး အသက်ရှူမဝသောရောဂါဖြစ်တတ်သည်။

ဗိုက်စူ၊ ဝမ်းချုပ်သူများအတွက် အကောင်းဆုံးဓာတ်စာမှာ သင်္ဘောသီးမှည့်ဖြစ်သည်။

ထမင်းစားပြီးတိုင်း သင်္ဘောသီးမှည့် တစ်ခြမ်းခန့်စားပေးခြင်းဖြင့် ဝမ်းမှန်၊ လေသက်ကာ ဝမ်းဗိုက်စူခြင်းကို သက်သာစေနိုင်သည်။ သင်္ဘောသီးတွင် အစာကြေစေသော အစေးဓာတ်ပါသဖြင့် အစိမ်းကိုလည်း ဟင်းချက်စားနိုင်သည်။ ဝမ်းချုပ်ခြင်းနှင့် စမြင်းခံခြင်းကို သက်သာစေသဖြင့် လိပ်ခေါင်းရှိသူများအတွက်ပါ အဆင်ပြေစေနိုင်သည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၌ သင်္ဘောပင်များကို အမြောက်အမြား စိုက်ပျိုးပြီး ပင်စည်မှအစေးကို ရော်ဘာအစေးထုတ်သကဲ့သို့ထုတ်ယူကာ အစာအိမ်ရောဂါပြင်းထန်သူများနှင့် အနာရှိသူများအတွက် ဆေးဝါးသစ်တစ်မျိုး ထုတ်လုပ်နိုင်ရန် သုတေသနပြုနေသည်။

သင်္ဘောသီး၏အညှာမှ အစေးသည်လည်း ဆေးဖက်ဝင်သည်ဟု ဆိုသည်။ အရေပြားအက်ကွဲသည့် အနာနှင့် ရောင်ရမ်းသောနေရာများတွင် အစေးကို သုတ်လိမ်းပေးရမည်ဟုဆိုသည်။

သင်္ဘောရွက်နှင့် သင်္ဘောရိုးတံများကိုလည်း ပြုတ်ပြီး အရည်သောက်လျှင် ကင်ဆာရောဂါ ပျောက်ကင်းသည်ဟု ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့၌ သုတေသနပြုလျက်ရှိသည်။

သင်္ဘောသီးဝယ်လျှင် ဆိုးဆေးဖြင့် မှည့်အောင်ပြုလုပ်ထားသောအသီးများကို ရှောင်ပါ။ ပင်မှည့် သို့မဟုတ် အစိမ်းကိုဝယ်ပြီး မိမိအိမ်တွင် မှည့်မှစားလျှင် စိတ်အချရဆုံးဖြစ်သည်။



လေဝ ဝပြီး ဝမ်းချုပ်သူများသည် အနေတော်သင်္ဘောသီးမှည့်ကို ထက်ခြမ်းခြမ်းပြီး အစေ့များဖယ်ရှားကာ အတွင်းမှ ဝင်းဝါသောအသားကို ဇွန်းဖြင့်ခြစ်စားခြင်းသာ အကောင်းဆုံးဖြစ်သည်။

အခွံသင်၊ ရေဆေးပြီး အတုံးငယ်များပြုလုပ်၍စားလျှင် ဆေးစွမ်းအာနိသင်ရှိသောအစေးများ ရေနှင့်ပါသွားနိုင်ပါသည်။

ဝမ်းချုပ်သူများသည် တစ်ခါတစ်ရံ အပူအထက်သို့ကန်ပြီး ပါးစပ်နှင့် ပါးစောင်တွင် အပူနာများ ပေါက်လေ့ရှိသည်။ သွားဖုံးတွင် အနာစက်များပေါက်ပြီး ရေစီးကမ်းပြိုဟုခေါ်သော အနာဖြစ်သူများပါ တွေ့ဖူးသည်။ ပါးစောင်နာနှင့် သွားဖုံးနာများအတွက် သင်္ဘောသီးမှည့်သည် ဆေးဖက်ဝင်သည်။

ရှေးတိုင်းရင်းမြန်မာ ဆေးဆရာကြီးများက သင်္ဘောသီးသည် အလယ်တွင် အခေါင်းပွပါသောကြောင့် အာကာသဓာတ်စာဟု ဆိုကြသည်။ အဆီပိတ်နေသူများနှင့် ဝမ်းချုပ်ဝမ်းပိတ်နေသူများသည် အာကာသပိတ်သူများဖြစ်သဖြင့် အာကာသဓာတ်စာကို စားရမည်ဖြစ်သည်။

သို့သော် သင်္ဘောသီးကို အစိမ်းသုပ်စား၊ အစိမ်းထောင်းစားလျှင် လေနာတတ်သည်ကို သတိပြုပါ။ အအေးစာဖြစ်သောကြောင့် အစားများလျှင် လေနာတတ်ခြင်းဖြစ်သည်။

သင်္ဘောသီးမှည့် စားသုံးခြင်းကြောင့် လေမနာတတ်ပါ။ ဝမ်းပျော့၊ လေသက်စေပါသည်။

သင်္ဘောသီးသည် ဝမ်းမှန်ပြီး အပူအပုပ်များကင်းစင်ကာ ဗိုက်စူထွက်ခြင်းကို သက်သာစေနိုင်သည်။ ဗီတာမင်ဓာတ်ကြွယ်ဝသဖြင့် အသားအရေကိုလည်း စိုပြည်လှပစေသည်။ ဝပြီးဗိုက်စူသူများ စားသုံးသင့်သော ဓာတ်စာတစ်မျိုးဖြစ်ပေသည်။ ။

ကြည်လွင်မြင့်(မုဒြာ)

# ဒူးနာရောဂါအတွက် ချဉ်ပေါင်ရွက်ဖြင့် ဆေးစည်းကုသနည်း

**"ဒူးအတွင်းမှ ခုံညင်းဆစ်ကျိုးပေါင်းတက်သူများနှင့် အောက်ခံဒူးခွက် အမြေးရောင်သူများသည် လှေကားထစ်များလျှင် အဆင်းအတက်မပြုလုပ်နိုင်ကြပေ။ လှေကားအတက်ထက် လှေကားအဆင်းတွင် ဒူးပိုနာလေ့ရှိသည်။ အဆင်းတွင် ထိန်းရသော ဒူးအရွတ်ကြောများ အားနည်းခြင်း၊ ဒူးအတွင်းမှ ခြင်ဆီ၊ ချောဆီအားနည်းခြင်းတို့ကြောင့် မခံမရပ်နိုင်အောင် နာကျင်လေ့ရှိသည်။ အခန့်မသင့်လျှင် လူကြီးများ လှေကားအဆင်းတွင် ဒူးမခိုင်၍ ချော်ကျလေ့ရှိသည်ကို သတိပြုကြရန်လိုသည် . . ."**

ဒူးနာရောဂါမှာ အခြေခံအားဖြင့် နှစ်မျိုးရှိသည်။ ဒဏ်ကြောင့်ဖြစ်သော ဒူးနာနှင့် အသက်ကြီး၍ဖြစ်သော ဒူးနာတို့ဖြစ်သည်။ ဒဏ်ကြောင့်ဖြစ်သော ဒူးနာမှာ အားကစားသမားများနှင့် မတော်တဆထိခိုက်မိသူများတွင် ဒူးနှင့်ခုံညင်းရိုးမှ အရွတ်အမြေးများ စုတ်ပြဲသွားခြင်းကြောင့်ဖြစ်သည်။ ချက်ချင်းရောင်ကိုင်းလာတတ်သော ဒူးနာမျိုးဖြစ်သည်။ ဆေးပူလိမ်းခြင်း၊ ကျပ်ထုပ်ထိုးခြင်း စသည့်ကုထုံးများဖြင့် ရက်သတ္တနှစ်ပတ်ခန့်ကြာလျှင် ပြန်ကောင်းသွားတတ်ပါသည်။

အသက်ကြီး၍ဖြစ်သော ဒူးနာရောဂါမှာ အရိုး၊ အဆစ်တို့၏သဘာဝ အသက်ကြီးလျှင် ကျိုးပေါင်းတက်သောကြောင့်ဖြစ်သည်။ သစ်ပင်များ အပင်ကြီးလျှင် အပွေး၊ အခေါက် ထူလာသကဲ့သို့ဖြစ်သည်။ ဒူးနှင့် ခုံညင်းမှအမြေးပါးတို့ပွတ်တိုက်ဖန်များလာသောအခါ ဒူးဆစ်နာလာတတ်သည်။ လမ်းလျှောက်နည်းသူ၊ အထိုင်များသူများတွင် ဒူးအတွင်းမှ သဘာဝအတိုင်းထွက်သော ချောဆီခန်းခြောက်လာသဖြင့် အဆစ်ကျပ်ပြီး အကွေးနှင့်အဆန့်တွင် အသံမြည်သည်အထိ ဖြစ်လာတတ်သည်။ ထို့ကြောင့် အရိုးအဆစ်ကုဆရာဝန်ကြီးများက အသက်ကြီးသူများကို ဒူးအတွင်းသို့ ပြင်ပမှ လူ၏ဒူးအတွင်းချောဆီနှင့်တူသော ချောဆီအတုကို ထိုးထည့်ပေးတတ်သည်။ ထိုသို့ထိုးခြင်းသည်မကြာခဏထိုးလျှင်မကောင်းပေ။ နောက်ဆက်တွဲဆိုးကျိုးများရှိသည်ဟုဆိုသည်။

ဒူးနှင့် ခုံညင်းဆစ်ကျိုးပေါင်းတက်၊ အဆစ်ကျပ်သဖြင့် အရွတ်နှင့်အကြောကို ညပ်မိသော ဒူးနာမှာ ရေအိတ်ကြီးသဖွယ်ဖောင်းပြီး ရောင်လာလျှင် ဒူးကြီးရောဂါဟုခေါ်သည်။ ခွဲစိတ်ပြီး အတွင်းမှရေကို ဖောက်ထုတ်ပေးရတတ်သည်။ ခွဲစိတ်ခြင်းသည်လည်း နောက်ဆက်တွဲအန္တရာယ်ရှိသော ကုထုံးဖြစ်သဖြင့် ဒူးခွဲရမည်ဆိုလျှင် လူကြီးအတော်များများက လက်မခံကြပေ။

ဒူးအတွင်းမှ ခုံညင်းဆစ်ကျိုးပေါင်းတက်သူများနှင့် အောက်ခံ ဒူးခွက်အမြေးရောင်သူများသည် လှေကားထစ်များလျှင် အဆင်းအတက်မပြုလုပ်နိုင်ကြပေ။ လှေကားအတက်ထက် လှေကားအဆင်းတွင် ဒူးပိုနာလေ့ရှိသည်။ အဆင်းတွင်ထိန်းရသော ဒူးအရွတ်ကြောများ အားနည်းခြင်း၊ ဒူးအတွင်းမှ ခြင်ဆီ၊ ချောဆီအားနည်းခြင်းတို့ကြောင့် မခံမရပ်နိုင်အောင် နာကျင်လေ့ရှိသည်။ အခန့်မသင့်လျှင် လူကြီးများ လှေကားအဆင်းတွင် ဒူးမခိုင်၍ ချော်ကျလေ့ရှိသည်ကို သတိပြုကြရန်လိုသည်။

ဒူးနာကို မကုသဘဲ ရေရှည်မွေးထားသောကြောင့် ချော်လဲလျှင် လူကြီးများတွင် ဆုံထိပ်ရိုးကျိုးလေ့ရှိသည်။ ထိုအခါ ဆုံထိပ်ရိုးအစားထိုးခြင်း၊ ခွဲစိတ်ရခြင်း၊ ခွဲစိတ်ပြီး အသားမကျမီ သုံးလခန့် လမ်းမလျှောက်ရခြင်းတို့ကြောင့် အိပ်ရာနာဖြစ်ကာ နောက်ဆက်တွဲအဆုတ်ပွသည့်ရောဂါပါ ဝင်ရောက်လာတတ်သည်။ ဒူးနာလျှင် အချိန်မဆွဲဘဲ ပျောက်ကင်းအောင်ကုသရန်လိုသည်။

ဒူးနာ၊ ဒူးဆစ်ကျပ်၊ ဒူးကျိုးပေါင်း၊ ဒူးအတွင်း ချောဆီအားနည်းသူများအတွက် လက်တွေ့ကုသပျောက်ကင်းဖူးသော မြန်မာ့ရိုးရာဆေးမြီးတို ကုသနည်းတစ်နည်းမှာ ချဉ်ပေါင်ရွက်ဖြင့် ဆေးစည်းခြင်းပင်ဖြစ်သည်။ ဆေးစည်းနည်းမှာ ချဉ်ပေါင်ရိုးနီ၊ ရွက်နီ (ဘိလပ်ချဉ်ပေါင်) အရွက် လက်နှစ်ဆုပ်ခန့်ကိုယူပါ။ ခွက်တစ်ခုတွင် ရေနွေးအဖြူပူပူလောင်းထည့်ပြီး ၁၀ မိနစ်ခန့်စိမ်ထားပြီးနောက် ဆယ်ယူပါ။ ရေမကျန်အောင် ဆန်ခါဖြင့်စစ်ပါ။ ထို့နောက် ငရုတ်ဆုံတွင်ထည့်ပြီး ညက်အောင်ထောင်းပါ။ ထိုချဉ်ပေါင်ရွက်ထောင်းကို နာသည့် ဒူးပေါ်တွင်အုံပြီး ပိတ်စ သို့မဟုတ် ဝါဂွမ်းအုပ်ပြီးနောက် ပတ်တီးဖြင့် လေလုံအောင် စည်းထားပါ။ နှစ်နာရီ၊ သုံးနာရီခန့်စည်းပြီးလျှင် ပတ်တီးပြန်ဖြေနိုင်သည်။ ဤအတိုင်း ၁၀ ရက်ခန့်စည်းပေးလျှင် ဒူးနာသက်သာသည့်အပြင် ဒူးအတွင်းမှ ချောဆီပြန်ထွက်လာသဖြင့် အကွေးနှင့်အဆန့်တွင် အသံမြည်ခြင်း၊ အဆစ်ကျပ်ခြင်းပါသက်သာနိုင်သည်။

တိုင်းရင်းဆေးဖြင့် စည်းလိုသူများ အနေဖြင့် ဆေးအမှတ် (၄၇) ဟုခေါ်သော ခုနစ်ပါးဆေးဝါလေးအမှုန့်ကို ပရဆေးဆိုင်မှဝယ်ယူကာ ချဉ်ပေါင်ရွက်ပြုတ်ထောင်းပြီး ရောမွှေစည်းပေးလျှင် ပို၍အရောင်ကျမြန်ပါသည်။ ထိုဆေးမှုန့်ဝယ်မရလျှင် နနွင်းမှုန့်ဖြင့် ရောစည်းလျှင်လည်း သက်သာပျောက်ကင်းစေနိုင်ပါသည်။ ။

# ပဲခူးမြို့ ဟံသာဝတီရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ပဲခူး ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဧပြီလ ၂၆ ရက်နံနက်ပိုင်းက ပဲခူးမြို့အတွင်းရှိ ဟံသာဝတီရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဟံသာဝတီမြို့ရိုး တောင်ဘက်ရှိ မိုးကောင်းတံခါးပေါက်အနီးမှ ကုန်းဘောင်တံခါးပေါက်အနီးထိ တစ်ဆက်တည်း မြို့ရိုးပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ကျုံးပြန်လည်တူးဖော်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟံသာဝတီမြို့ရိုးအရှေ့ဘက်ရှိ တောင်ငူတံခါးနှင့်အင်းဝတံခါးအကြား မြို့ရိုးပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့ရိုးများဖော်ထုတ်ရာတွင် ရှေးမူလက်ရာများ ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် မြို့ရိုးဖော်ထုတ်ခြင်းဆောင်ရွက်ရာတွင် ကျုံးပတ်လမ်းဖော်ထုတ်ခြင်း၊ မြေညှိခြင်းများ တစ်ပါတည်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်မော်ဓောယယ်စူဠာမုနိဆံတော်ရှင်ရွှေအောင်ရွှေးစေတီတော်သို့ သွားရောက်ဖူးမြော်၍ ဓာတ်လှေကားပြန်လည်ပြုပြင်နိုင်ရေးနှင့် စေတီတော်တည်ရှိရာကုန်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ငလျင်ဒဏ်ခံနိုင်မှုရှိစေရေး ပြန်လည်စစ်ဆေးရန် တာဝန်ရှိသူများအား မှာကြားပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ကမ္ဘောဇသာဒီနန်းတော်ကြီး ဘက်စုံပြုပြင်မွမ်းမံနေမှုအား ကြည့်ရှုစစ်ဆေးပြီး ခေါင်မိုးများရေလုံဆေးသုတ်ခြင်းနှင့် ရေတံလျှောက်တပ်ဆင်ခြင်းကို မိုးရာသီမရောက်မီ အပြီးဆောင်ရွက်ရန်၊ နန်းတော်အတွင်းရှိတိုင်လုံးကြီးများတွင် မြန်မာမှုတပ်ဆင်ခြင်းလုပ်ငန်းနှင့် ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေထုတ်ချေး

မင်းလှ ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ္စနီ့ကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဧပြီလ ၂၇ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၆၅ ဒသမ ၃၀ သန်းကို စစ္စနီ့ကျေးရွာ မြစိမ်းရောင်လုပ်ငန်း အဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက စစ္စနီ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၁၄၃ ဦးကို ချေးငွေကျပ်သန်း ၄၀၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၈၂ ဦးကို ချေးငွေကျပ် ၂၃ ဒသမ ၄၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ ခုနစ်ဦးကို ချေးငွေကျပ် ၁ ဒသမ ၉၀ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၃၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၆၅ ဒသမ ၃၀ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း သိရသည်။ ကိုညို(ကျေးလက်)

# နမ့်ဖေးကျေးရွာနှင့် နမ့်ဖေးရေတံခွန်ချိတ်ဆက်တံတားဆောက်လုပ်

ကျောက်တလုံးကြီး ဧပြီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု နမ့်ဖေးကျေးရွာ၌ နွေရာသီကာလ ခရီးသွားပြည်သူများ စိတ်အပန်းဖြေနိုင်ရေးနှင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် နမ့်ဖေးကျေးရွာနှင့်ရေတံခွန်သို့ ချိတ်ဆက်တံတားအား ဧပြီလ ၂၆ ရက် နံနက်ပိုင်းမှ စတင်၍ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။



အဆိုပါ တံတားဆောက်လုပ်နေမှု အခြေအနေကို တောင်ကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခွန်သူရအောင်၊ ကျောက်တလုံးကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြပြီး ဒေသခံပြည်သူများက တံတားတိုင်စိုက်ထူခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အရှည်ပေ ၁၂၀၊ အကျယ် ၁၅ ပေရှိ နမ့်ဖေးတံတားအား အချိန်မီပြီးစီးနိုင်ရေး ကျေးရွာရန်ပုံငွေကျပ် ၂၈၈ သိန်း၊ နိုင်ငံတော်မတည်ငွေကျပ်သိန်း ၄၀၀ ဖြင့် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ (၄၀၅)

# ပရဟိတ တို့ချစ်ခြင်း

❖ ငလျင်အားကြီး၊ လှုပ်ခတ်ပြီးသော်
ပျက်စီးပြိုကျ၊ ဆုံးရှုံးကြလျက်
လမ်းမလည်းအက်၊ တံတားပျက်ခဲ့
ရိုက်ဖျက်ချေမှုန်း၊ တစ်ပြည်လုံးပင်
ယူကျုံးမရ၊ ပူလုံးကြွခဲ့
အာဂငလျင် အိုအသင်။

❖ သင့်တဒင်္ဂ၊ တစ်ခဏမင့်
ဘဝပျက်သုဉ်း၊ အတုံးရုံးပင်
ဆုံးရှုံးရကာ၊ မျှားလှစွာမို့
ဘယ်မှာတစ်နေ့၊ တို့မမေ့နိုင်
ကျွမ်းမြည့်စဉ်မြဲ မဖြေနိုင်
နွမ်းသွေ့ရင်ထဲ ခုထက်တိုင်။

❖ ငလျင်လှုပ်တာ၊ ကြားသိပါ၍
ပြည်ရွာအများ၊ နိုင်ငံခြားမှ
လူသားစာနာ၊ ကူဖို့ရာတည့်
ရောက်လာကယ်ဆယ်၊ နယ်ပယ်စုံစုံ
ကူညီပုံများ၊ နှလုံးသားလှ
ပရဟိတ စိတ်ထားများ။

❖ စေတနာလှူ ပြည်ရွာကူကြ
ရှင်လူရဟန်း၊ အသိုက်ဝန်းနှင့်
ရွှင်လန်းရဲမျှား၊ တပ်မတော်သားနှင့်
အင်အားတစ်ရပ်၊ မီးသတ်လည်းပါ
ပြည်ရွာကောင်းကျိုး၊ ဆောင်သယ်ပိုးသည်
မြတ်နိုးပေစွ၊ လွန်တက်ကြွသည့်
ပရဟိတ စိတ်ထားများ။

❖ အိုဘယ့်ငလျင်၊ ဆိုးဝိညာဉ်ငဲ့
သင်နောက်တစ်ခါ၊ ဘယ်သောခါမှ
မလာပါနဲ့ တို့ပြည်တွင်း
စိတ်နာပါလို့ မောင်းထုတ်ရှင်း
မေတ္တာညီညာ လက်တွဲရင်း
ပရဟိတ တို့ချစ်ခြင်း။ ။

ချမ်းမြဆောင်း(ကလော)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၂၅ (တနင်္လာနေ့)

| | |
|---|---|
| ၁။ ၀၆:၀၂ နိုင်ငံတော်သီချင်း | ၆။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း | **အချစ်ဆုံးသူရဲ့ရင်မှာ (ပထမပိုင်း)** |
| ၃။ ၀၉:၀၀ Soft Skill | **သရုပ်ဆောင်- ပြေငြိမ်း၊ ရဲအောင်၊ မေဆွိ** |
| ၄။ ၁၀:၀၀ မွေးမြူသုတ | **ဒါရိုက်တာ- အောင်မြင့်မြတ်** |
| ၅။ ၁၁:၀၀ သာယာသီကြွေးခေတ်ဆန်းတေး | |

# ဒေးဒရဲမြို့နယ်၌ နွေစပါးဧက ၇၇၀၀၀ ကျော် စိုက်ပျိုးထားပြီး ပန်းတိုင်အထွက်နှုန်း ရရှိစေရန်ဆောင်ရွက်နေ



ဒေးဒရဲ ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးဧက ၇၇၀၀၀ ကျော် စိုက်ပျိုးထားပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန် ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရန် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်းသည် အဓိကကျသောကြောင့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများမှ ရရှိသောအထွက်နှုန်းကောင်းစပါးမျိုးများကို တောင်သူများ ဦးစားပေးရွေးချယ်စိုက်ပျိုးနိုင်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသည့်အပြင် ကုမ္ပဏီများမှရရှိသော GW-11 နှင့် နယူးရော 11 စသည့်စပါးမျိုးများကိုလည်း ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

"ဒီနှစ် ဒေးဒရဲမြို့နယ်မှာ နွေစပါးဧက ၇၇၇၃၀ စိုက်ပျိုးထားပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ နွေစပါးက တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း ပန်းတိုင်အထွက်နှုန်း ရရှိလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ တောင်သူတွေအနေနဲ့ အထွက်နှုန်းကောင်းမျိုးတွေကို ဦးစားပေးစိုက်ပျိုးနိုင်စေဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့အပြင် အသိပညာပေးသင်တန်းတွေ၊ နည်းပညာပေးတာတွေ၊ ဆွေးနွေးပွဲတွေလည်း ပြုလုပ်ပေးပါတယ်" ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇင်မောင်မောင်ကပြောသည်။

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ နှစ်စဉ် မိုးစပါးစိုက်ဧက ၁၇၀၀၀၀ ကျော်နှင့် နွေစပါးစိုက်ဧက ၇၇၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး နွေစပါးများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ တောင်သူများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်စေရန်နှင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးခြင်း၊ လက်တွေ့သရုပ်ပြစိုက်ကွက်များဖြင့် နည်းပညာဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဒေးဒရဲမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးဧက ၃၀၀၀၀ ကျော် စိုက်ပျိုးထားပြီး တောင်သူများအား တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့်ညီမျှသောသွင်းအားစုများ ပေးအပ်ထားကြောင်း သိရသည်။

နွေစပါးကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန် ရည်မှန်းချက်ထားဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဆန်စားသုံးမှုကိုဖူလုံစေရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်သည့်အပြင် ဆန်ဈေးနှုန်း တည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ခရိုင်အဆင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေးရှင်းလင်းဆွေးနွေး



ပခုက္ကူ ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ပြည်သူများစားဝတ်နေရေးအဆင်ပြေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်များ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဧပြီလ ၂၆ ရက်က ပခုက္ကူမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရောင်(၁)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဇေလတ်က ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်များဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး အသိပညာပေးရှင်းလင်းပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲကျော်စွာက ခရိုင်အတွင်းရှိ ကုန်စည်ပစ္စည်းသိုလှောင်ရုံများ၊ တည်ဆောက်ရေးပစ္စည်းဆိုင်များနှင့် တခြားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရည်ညွှန်းသတ်မှတ်ဈေးနှုန်းထက် မြင့်တင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများမပြုလုပ်ရေး၊ ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရာတွင် ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အကျိုးအမြတ်ရရှိရေးထက် ဈေးနှုန်းတည်ငြိမ်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဝေဠုအောင်က ခရိုင်အတွင်း ကုန်စည်များပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တက်မှုများမဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေးနေမှုများအကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များမေးမြန်းကာ ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်တောင်သူများ ရေသွင်းနှမ်း အဆင်ပြေစွာစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးသွင်းအားစုများပေးအပ်

ပွင့်ဖြူ ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်တောင်သူများ နွေသီးနှံစိုက်ပျိုးရာသီတွင် ရေသွင်းနှမ်း အဆင်ပြေစွာစိုက်ပျိုးနိုင်ရေးအတွက် ဧပြီလ ၂၆ ရက်က မြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့(TFDA)က စိုက်ပျိုးရေးသွင်းအားစုများ သွားရောက်ပေးအပ်ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေးသွင်းအားစုများကို မြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့ (TFDA) မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက မုန်းဇလဲကျေးရွာသို့သွားရောက်၍ မီးဘေးသင့်တောင်သူ ၁၄၂ဦးအား တွေ့ဆုံအားပေးစကားများပြောကြားကာ ရေသွင်းနှမ်း အဆင်ပြေစွာစိုက်ပျိုးနိုင်ရန် တောင်သူတစ်ဦးလျှင် သုံးမျိုးတွဲစိုက်ပျိုးရေးဆေး တစ်စုံစီနှုန်းဖြင့် စုစုပေါင်းစိုက်ပျိုးရေးသွင်းအားစု ၄၈၁ စုံကို ပံ့ပိုးပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် နန်းထက်မြန်မာ စိုက်ပျိုးရေးကုမ္ပဏီက ဒို့ကျေးလက်စိုက်ပျိုးရေးသုံးဆေးများဖြစ်သော ဘိုင်အိုကောင်း၊ ဘိုင်အိုထရိုင်ကို၊ ဘိုင်အိုဘက်စီလပ် စိုက်ပျိုးရေးသုံးဆေးဘူးများ ပံ့ပိုးလှူဒါန်းပေးခြင်းဖြစ်သည်။

ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာ၌ မတ်လ ၁၂ ရက်က ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၄၅၀ အိမ်ထောင်စု ၄၇၀ ရှိသည့်အနက် အိမ်ခြေ ၃၆၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၃၇၂ စု လူဦးရေ ၁၄၄၅ ဦး မီးဘေးသင့်ခဲ့ရကြောင်း၊ အဆိုပါကျေးရွာရှိ မီးဘေးသင့်ပြည်သူများ အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်အလှူရှင်များ စုပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သောစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်အဝတ်အထည်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းနှင့် စိုက်ပျိုးရေးသုံးဆေးဝါးများကို ပံ့ပိုးလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ညောင်ရွှေမြို့နယ် သပြေကုန်း (အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဧပြီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးမှုကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် ဝန်ထမ်းများက သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေ ငွေကျပ် ၁၀ သန်းဖြင့် ကြံ့သကာချက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ ကြံ့သကာချက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ဖြင့် သပြေကုန်း (အောက်)ကျေးရွာ၌ ကြံ့သကာချက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့အား ရန်ပုံငွေ ငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ငလျင်က မဖြိုဖျက်နိုင်ခဲ့သော မြန်မာတို့ရဲ့အားမာန်

မောင်မိုး






**"၇.၇ ရစ်ချ်တာစကေး ပြင်းအားရှိ ငလျင်ကြီးဟာ အုတ်၊ သဲ၊ ကျောက်၊ သံမဏိတွေနဲ့ အခိုင်အမာတည်ဆောက်ထားရှိတဲ့ လမ်း၊ တံတား၊ အဆောက်အဦတွေကို အတုံးအရုံးလဲကျအောင် ဖြိုလှဲနိုင်ခဲ့ပေမယ့်လည်း မြန်မာနိုင်ငံသားတို့ရဲ့ စိတ်ဓာတ်ကိုတော့ ယိမ်းယိုင်လဲကျသွားအောင် လှုပ်ခတ်မစွမ်းဆောင်နိုင်ခဲ့ပါဘူး"**

ယနေ့ ဧပြီလ ၂၈ ရက်နေ့ဟာ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့တဲ့ တစ်လတင်းတင်းပြည့်မြောက်ခဲ့တဲ့ နေ့တစ်နေ့လည်းဖြစ်ပါတယ်။ ဒီတစ်လတာအချိန်ကာလဟာ အစိုးရနဲ့ ပြည်သူအားလုံးအတွက် သာမန်အချိန်ကာလတွေထက် စိတ်ရောကိုယ်ပါ ပိုပြီးပင်ပန်းရုန်းကန်ခဲ့ကြရတာကိုလည်း မြင်တွေ့ခံစားနိုင်ပါတယ်။ ဒီလိုရုန်းကန်နေကြရပေမယ့်လည်း ငလျင်ဘေးဒဏ်သင့်ပြည်သူတွေဟာ ရှောင်လွှဲမရတဲ့ ဘေးအန္တရာယ်တွေပေါ်မှာ ဗုဒ္ဓတရားရဲ့အဆုံးအမတွေနဲ့အညီ စိတ်ဓာတ်ကြံ့ကြံ့ခိုင် ရင်ဆိုင်ဖြတ်သန်းကျော်လွှားနေမှုနဲ့အတူ အစိုးရနဲ့ ပြည်သူတို့အကြားနားလည်ယုံကြည်မှုများနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ကြားသိနေရပါတယ်။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းဟာ သမားရိုးကျခြိမ်းခြောက်မှုတွေမဟုတ်တဲ့ သဘာဝဘေးအန္တရာယ်တွေကို တစ်မျိုးမဟုတ်တစ်မျိုး ရင်ဆိုင်ကြုံတွေ့ ကျော်လွှားဖြတ်သန်းနေကြရတာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဟာ ကြိုတင်ခန့်မှန်းရန် ခက်ခဲပြီး ရေကြီးမှုတွေ၊ မြေပြိုမှုတွေ၊ မုန်တိုင်းတိုက်ခတ်မှုတွေ၊ ငလျင်လှုပ်ခတ်မှုတွေနဲ့ တောမီးလောင်ကျွမ်းမှုတွေစတဲ့ သဘာဝဘေးအန္တရာယ်တွေဟာ အချိန်အခါမရွေး၊ နေရာဒေသမရွေး ဖြစ်ပွားလာနိုင်တာဖြစ်တယ်။ ယနေ့မျက်မှောက်ကာလမှာ ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ အစွန်းရောက်ရာသီဥတုဖြစ်စဉ်တွေကို ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံမှာလည်း ၂၀၂၃ ခုနှစ် မေလမှာ မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ ရာဂီမုန်တိုင်းရဲ့ အကြွင်းအကျန်တိမ်တိုက်တွေကြောင့် ရေကြီးရေလျှံဘေးကို ရင်ဆိုင်ကျော်လွှားခဲ့ကြရပါတယ်။

**မတ်လ ၂၈ ရက်နေ့ မြင်ကွင်းပုံရိပ်များ**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းမှာ အင်အား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ လှုပ်ခတ်ခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲချမ်းသာမရှိ၊ လူမျိုးဘာသာ အသွေးအရောင်မခွဲခြား၊ အသက်အရွယ်မပိုင်းခြား၊ နိုင်ငံရေးအရောင်အသွေးမသိ နိုင်ငံတစ်ဝန်းရှိ သက်ရှိလူသားအားလုံးနဲ့ တိရစ္ဆာန်တွေအပေါ် သက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံ မန္တလေးမြို့နဲ့ ၁၆ ကီလိုမီတာအကွာကိုဗဟိုပြုပြီး လှုပ်ခတ်ခဲ့တဲ့မန္တလေးငလျင်ကြီးဟာ အနက် ၁၀ ကီလိုမီတာပဲရှိပြီး သိသိသာသာတိမ်တဲ့ ငလျင်ဖြစ်ကာ အင်အား ၇ ဒသမ ၇ ရှိတယ်လို့ ဘူမိတိုင်းတာရေးဌာနက တွက်ချက်ဖော်ပြထားခဲ့ပါတယ်။









ထူးခြားမှုတစ်ခုအနေနဲ့ မန္တလေးငလျင်ကြီးမလှုပ်ခတ်မီ ငါးမိနစ်လောက်အလိုမှာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ဝင်းရှိဆင်ဖြူတော်တွေဟာ ဝိုင်းပတ်၍ အော်ဟစ်နေကြောင်း ပြန်လည်ကြားသိရခဲ့သောကြောင့် ငလျင်နဲ့ မိမိဘေးပတ်ဝန်းကျင်ရှိ တိရစ္ဆာန်တွေရဲ့ ဆက်စပ်နေမှုကိုလည်း သတိထားစရာတစ်ခုအဖြစ် မှတ်သားခဲ့ရပါတယ်။ ဒီလို မန္တလေးငလျင်ဘေးဒဏ်ကြီးကြောင့် နိုင်ငံသားအားလုံးရဲ့ လူမှုစီးပွားဘဝတွေနဲ့ အခြေခံအဆောက်အဦ၊ လမ်း၊ တံတားအပါအဝင် အမြတ်တနိုးတန်ဖိုးထားကိုးကွယ်ရာဖြစ်တဲ့ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ပုထိုးတွေ များစွာမြေခလဲပြိုခဲ့ရမှုအပေါ် နိုင်ငံသားတွေအနေနဲ့ ယူကျုံးမရ မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ကြရပေမယ့်လည်း နိုင်ငံတော်အစိုးရရဲ့ဦးဆောင်မှုနဲ့ ငါတို့တစ်တွေ အတူတကွအမြန်ဆုံး ပြန်လည်ထူထောင်နိုင်လိမ့်မယ်လို့ ယုံကြည်ထက်သန်တဲ့ စိတ်ဓာတ်အားမာန်တွေဟာလည်း မြန်မာနိုင်ငံသားအားလုံးရဲ့စိတ်ဝယ် ကြီးမားစွာဖြစ်ပေါ်နေတာကို ခံစားတွေ့မြင်ရပါတယ်။

**အရေးကြီးရင် သွေးနီးတတ်တာ**

မတ်လ ၂၈ ရက်နေ့ မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် နိုင်ငံတော်အကြီးအကဲအနေနဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ချက်ချင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေကို ပြင်ဆင်ဆောင်ရွက်စေခဲ့တယ်။ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ငလျင်ကြောင့် သက်ရောက်ခဲ့တဲ့ အခြေအနေအရပ်ရပ်ကိုသုံးသပ်ကာ ချက်ချင်းပင် တိုက်ရိုက်ထုတ်လွှင့်၍ ငလျင်ဒဏ်သင့်ဒေသတွေကို အရေးပေါ်အခြေအနေကြေညာချက်အား ပြည်သူလူထုနဲ့ နိုင်ငံတကာသို့ အသိပေးကြေညာခဲ့တာကို မြင်တွေ့ခဲ့ရပါတယ်။ ဒီလို နိုင်ငံတကာသို့ ချက်ချင်းအသိပေးဆက်သွယ်ဆောင်ရွက်နိုင်ခဲ့မှုတွေကြောင့်လည်း အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံအသိုက်အဝန်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက အကူအညီတွေ အချိန်ပိုင်းအတွင်း အမြန်ဆုံးပေးပို့ခဲ့ကြပြီး အချို့ပိတ်မိနေသူတွေကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့တာပဲဖြစ်ပါတယ်။









အလားတူပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်တဲ့ ကျွန်တော်တို့နိုင်ငံသားတွေဟာ စေတနာသဒ္ဓါတရားထက်သန်စွာ ပေးကမ်းလှူဒါန်းကြရာမှာ ကမ္ဘာပေါ်မှာ အမြင့်မားဆုံးနိုင်ငံအဖြစ် ရှိနေတာကို ဒီငလျင်ကြီးက သက်သေပြခဲ့ပါတယ်။ မြန်မာတို့ရဲ့ စိတ်ရင်းဓလေ့တွေဟာ ယခုကဲ့သို့သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့လာရတဲ့အချိန် ဆင်းရဲချမ်းသာအဆင့်အတန်းမရွေး ငလျင်ဘေးဒဏ်သင့်ဒေသတွေဆီကို လူအား၊ ငွေအားနဲ့ ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းတွေမှာ တတ်စွမ်းသရွေ့ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုမြင်ကွင်းများဟာလည်း "မြန်မာလူမျိုးတို့ရဲ့ အရေးကြီးရင် သွေးနီးတယ်" ဆိုတဲ့ အမျိုးသားစရိုက်လက္ခဏာတန်ဖိုးတွေကို ဂုဏ်ယူစွာတွေ့ရှိရပါတယ်။

**စာမျက်နှာ ၁၂ သို့ ■**

■ စာမျက်နှာ ၁၁ မှအဆက်

နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့တွေအပေါ် မြန်မာတို့ရဲ့အစဉ်အလာဖော်ရွေမှု၊ ကြင်နာမှု၊ ညှော့ဝတ်ကျေပွန်တတ်မှုနဲ့ ရိုးဂုဏ်တို့ကိုလည်း မပျက်မယွင်းတွေ့ရှိခဲ့ရပါတယ်။ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေအနေနဲ့ မြန်မာပြည်သူတွေရဲ့ ကျေးဇူးတင်တတ်၊ ကျေးဇူးဆပ်လိုကြတဲ့ စိတ်ရင်းကိုသာမကရိုးသားဖော်ရွေ ပျူငှာတတ်ကြပုံတွေကိုအံ့သြဘနန်း ထုတ်ဖော်ပြောကြားခဲ့ကြသလို သူတို့ရဲ့ ဗီဒီယိုကင်မရာတွေနဲ့ မှတ်တမ်းရိုက်ယူကြတာ၊ လူမှုကွန်ရက်တွေမှာ မျှဝေကြတာကိုလည်း တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၁ ရက်နေ့မှာလည်း ငလျင်ဘေးဒဏ်သင့်ဒေသများမှာ ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ငွေသား ၁၀၄ ဒသမ ၄၄ ဘီလီယံ၊ အလှူပစ္စည်း ၁၂ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်း ၁၁၆ ဒသမ ၈၄ ဘီလီယံကို အစိုးရထံ လှူဒါန်းပေးအပ်ခဲ့မှုတွေကို မြင်တွေ့ခဲ့ရပြီး နိုင်ငံတော်အစိုးရအနေနဲ့လည်း ၅၀၀ ဘီလီယံကို ကနဦးမတည်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အကြီးအကဲက မန္တလေးငလျင်ဘေးဒဏ်နှင့်စပ်လျဉ်းကာ "ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်ခဲ့ရတဲ့နေရာတွေမှာ ကနဦးအနေနဲ့ အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှုတွေကို ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေနဲ့ ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံး ယခင်အတိုင်း ပြန်လည်သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်း၊ တတိယပိုင်းအနေနဲ့ ပြိုကျနေဆဲဖြစ်တဲ့ အန္တရာယ်ရှိအဆောက်အဦများကိုဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ထိုမှတစ်ဆင့်ပြန်လည်ထူထောင်ရေးနဲ့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရတဲ့ လမ်းတံတားများ၊ နိုင်ငံပိုင်အဆောက်အဦများပြန်လည်တည်ဆောက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်နဲ့ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း" လမ်းညွှန်ပြောဆိုထားရှိမှုနဲ့အတူ သမိုင်းခေတ်အဆက်ဆက် မြန်မာ့အရေးအခက်အခဲမှန်သမျှကို မြန်မာနိုင်ငံသားတွေကသာ အဓိကရင်ဆိုင် ဖြေရှင်းကျော်လွှားခဲ့ကြရတာဆိုတာ ပကတိ အရှိတရားတွေဖြစ်ပြီး ဒီမြေပေါ်မှာရှင်သန်နေကြသူတွေအားလုံး စုပေါင်းရုန်းထကြရမယ်ဆိုတဲ့ အသိတရားတွေနဲ့ အနာဂတ်မြန်မာပြည်ကို ဝိုင်းဝန်းတည်ဆောက်ကြရမှာဖြစ်ပါတယ်။

## "မိုခါ" မုန်တိုင်းကြီးကဲ့သို့ ရင်ဆိုင်ကျော်လွှားကြမည်


မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့တဲ့ တစ်လပြည့်မြောက်ခဲ့တဲ့နေ့ဖြစ်တာနဲ့ အတူ ဒီတစ်လတာကာလအတွင်း အစိုးရနဲ့ ပြည်သူ အတူတကွ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားခဲ့ကြရတဲ့အခြေအနေတွေဟာ ၂၀၂၃ ခုနှစ် မေလအတွင်း ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ မုန်တိုင်းမိုခါ (Mocha) ကို ပြန်လည်သတိရမိစေခဲ့ပါတယ်။ မှတ်သားမိသလောက် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှာ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး (Extremely Severe Cyclonic Storm) ဟာ ဆောင့်တိုက်လေတိုက်နှုန်း မိုင် ၁၀၀ ကျော်နဲ့ ရခိုင်ကမ်းရိုးတန်းအတွင်း စတင်ဝင်ရောက်လာပြီး စစ်တွေမြို့ရဲ့ အနောက်မြောက်ဘက် ကျောက်ပန္နူအနီးမှဖြတ်ကျော်ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် အရှေ့မြောက်ဘက်သို့ ဖြတ်သန်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။

အဲဒီအချိန်တုန်းက ကျွန်တော် သတိပြုမိတာတစ်ခုကတော့ မုန်တိုင်းသတင်းစတင်ကြားကတည်းက နိုင်ငံတော်အစိုးရ၊ ဒေသအာဏာပိုင်၊ ပြည်သူလူထုနဲ့ တပ်မတော်တို့ဟာ တစ်စိတ်တည်း၊ အာရုံတစ်ခုတည်း၊ သတိရှိရှိနဲ့ စနစ်တကျကြိုတင်ပြင်ဆင်ခဲ့တာပဲ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဒီလိုအချိန်မှာ မြန်မာနိုင်ငံသားတွေရဲ့ စည်းလုံးညီညွတ်တဲ့ စိတ်ဓာတ် (Unity of Myanmar Spirit) ကို ပီပီပြင်ပြင် မြင်တွေ့ခဲ့လိုက်ရပါတယ်။ ဒီလိုမုန်တိုင်းအန္တရာယ်ထိထိရောက်ရောက် ကာကွယ်နိုင်ခဲ့မှုနဲ့ မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေကို ပြည်သူလူထုအားလုံးနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဝန်ထမ်းတွေရဲ့ စုပေါင်းစွမ်းအားနဲ့ ဆောင်ရွက်နိုင်ခဲ့တဲ့ရလဒ်ဟာ ထင်ရှားသော ဥပမာတစ်ရပ်ဖြစ်ပြီး အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့တဲ့ စံပြ Model တစ်ခုလို့ ဆိုရမှာပဲဖြစ်ပါတယ်။

ယခုလည်း ငလျင်သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ချက်ဟန့်တားရန် မဖြစ်နိုင်ခဲ့တဲ့အခြေအနေတွေကြောင့် မြန်မာပြည်သူလူထုအနေနဲ့ မန္တလေးငလျင်ဒဏ်အား ကြုံတွေ့ခဲ့ရပေမယ့် အမြန်ဆုံး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေကို အစိုးရနဲ့ ပြည်သူ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်မှုအားတွေ၊ မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီဖေးမမှုတွေနဲ့အတူ ရှေ့ဆက်လျှောက်လှမ်းနေချိန်ပဲဖြစ်ပါတယ်။ ရှောင်လွှဲလို့မရတဲ့ သဘာဝဘေးအန္တရာယ်တွေကို မိုခါမုန်တိုင်းကြီးအား မြန်မာတို့ရဲ့ စိတ်ရင်း၊ မြန်မာတို့ရဲ့ စိတ်ဓာတ်တွေနဲ့ပေါင်းစုကာ ကျော်လွှားနိုင်သကဲ့သို့ ယနေ့မန္တလေးငလျင်ဘေးကြီးကိုလည်း အစိုးရနဲ့ ပြည်သူလူထုအကြား နိုင်ငံရေးပယောဂတွေ မြူမှုန်တစ်စမျှပင် လွှမ်းမိုးသက်ရောက်မခံဘဲ လက်တွဲကျော်ဖြတ် တည်ဆောက်သွားနိုင်ဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။









## အခက်အခဲတွေကြားမှာ... အမြဲရှိတဲ့ အခွင့်အလမ်းတွေ

ကြီးမားသောအခက်အခဲတွေကြားက ရုန်းထွက်ရင်ဆိုင်ကျော်လွှားနိုင်သူတွေသာ ဝင့်ကြွားနိုင်ကြတာဟာ လောကနိယာမလို့ ဆိုနိုင်ပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ နိုင်ငံပေါင်းများစွာဟာ မတူညီသော ဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြရပြီး ဒီလိုဘေးအန္တရာယ်တွေကို ကြုံတွေ့ရင်ဆိုင်ကြရတဲ့အချိန်တိုင်း ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်ပျက်စီးစေရုံသာမက အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားတွေနဲ့ အခြေခံအဆောက်အဦတွေ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေး စတဲ့နယ်ပယ်ကဏ္ဍမျိုးစုံ ယိုင်လဲပြိုပျက်မှုတွေ ကြုံခဲ့ရပါတယ်။ သာဓကအနေနဲ့ ကျွန်တော်တို့ရဲ့ အာရှရပ်ဝန်းရှိဂျပန်နိုင်ငံဟာ စစ်ဘေး၊ နျူကလီးယားဗုံးဒဏ်နဲ့ ဆူနာမီငလျင်တွေကို တောက်လျှောက်ကြုံတွေ့ရင်ဆိုင်ခဲ့ကြရပေမယ့် ဂျပန်ပြည်သူတို့ရဲ့ မခံချင်စိတ်၊ ကြိုးစားချင်စိတ်နဲ့ ပြည်သူပြည်သားအားလုံး တစ်စိတ်တစ်ဝမ်းတည်း ရုန်းကန်ချီတက်ခဲ့ကြလို့ ယနေ့ဂျပန်နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်တဲ့ အနေအထားကိုလည်း အတုယူလေးစားဖွယ်တွေ့မြင်နိုင်ပါတယ်။

ယနေ့မြန်မာနိုင်ငံအနေနဲ့လည်း မန္တလေးငလျင်ဘေးဒဏ်ကြီးကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ဖြတ်သန်းကြရမှာဖြစ်ပေမယ့် ဆက်စပ်အခွင့်အလမ်းကောင်းများကို ဖန်တီးဆုပ်ကိုင်နိုင်ရေးဟာလည်း မြန်မာနိုင်ငံသားတို့ရဲ့ မလျော့သောလုံ့လစိတ်ဓာတ်တွေအပေါ်မှာ များစွာမူတည်နေပါတယ်။ မိမိတို့နိုင်ငံအပေါ် ပြည်ပြေး၊ ပြည်ဖျက်အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်တို့ရဲ့ ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ထိုးနှက်ချက်တွေကြောင့် နိုင်ငံတကာမျက်နှာစာမှာ သတင်းအမှားများစွာနဲ့ မြန်မာနိုင်ငံရဲ့ ဓလေ့စိတ်ရင်းတွေနဲ့ မြန်မာ့တန်ဖိုးတွေထိခိုက်ပျောက်ဆုံးနေခဲ့ရပါတယ်။ ယနေ့မြေပြင်မှာ ငလျင်ဘေးဒဏ်ကြောင့် နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတကာအချင်းချင်း အပြန်အလှန်ဆက်ဆံမှုတွေ၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်ဆက်ဆံမှုတွေ၊ ကယ်ဆယ်ရေးလုပ်ငန်းခွင်များမှာ အပြန်အလှန်ထိတွေ့လုပ်ကိုင်ကြရင်း နိုင်ငံတကာနဲ့ဆက်ဆံရေးအခွင့်အလမ်းကောင်းတွေ ဆက်လက်တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတကာနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပူးပေါင်းဆက်သွယ်ရေး အခန်းကဏ္ဍတွေမှသည် ရင်နှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍတွေအထိ



စာနာနားလည်ယုံကြည်မှုတွေနဲ့ ရှေ့ဆက်နိုင်မယ့် အခွင့်အလမ်းများစွာကိုလည်း ဖန်တီးနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၁၃ သို့ ■

# ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကုန်ထုတ်လုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဧပြီ ၂၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့ ဦးလှထွန်း ဆီစက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆီစက်ပိုင်ရှင်က ဆီစက်လည်ပတ်နေမှုနှင့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ပျဉ်းမနားမြို့မဈေးအတွင်းရှိ ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျခဲ့သည့်အဆောက်အအုံများအား တပ်မတော်သားများ၊ စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများနှင့် ဌာနဆိုင်ရာများစုပေါင်း၍ စက်ယန္တရားကြီးများဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာရှိ ရွှေသီးနှံအဆင့်မြင့်ဆန်စက်၊ ကောက်ပဲသီးနှံနှင့် ဓာတ်မြေဩဇာရောင်းဝယ်ရေးလုပ်ငန်းများ ငလျင်လှုပ်ခတ်မှုကြောင့် ဆန်စက်ထိခိုက်ပျက်စီးခဲ့မှု၊ ပြန်လည်ပြင်ဆင်နေမှုနှင့် ဆန်စက်လည်ပတ်နေမှုအခြေအနေများကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာရှိ ကွင်းအမှတ် (၁၇၂၀)ကွင်း၌ နွေစပါးများ အောင်မြင်ဖြစ်ထွန်းမှု၊ နွေစပါးစိုက်ပျိုးရေ ပေးဝေနေမှုနှင့် သဘာဝမြေဩဇာကြဲပက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်လှုပ်ခတ်မှုကြောင့်ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် လယ်ဝေးမြို့နယ်ရှိငြိမ်းချမ်းသာဆန်စက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆန်စက်ပိုင်ရှင်က ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့မှု၊ ဆန်စက်လည်ပတ်နေမှုနှင့် စပါးခွဲတောင့် လောင်စာပြုလုပ်၍ ရန်ကုန်မြို့သို့တင်ပို့ရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆန်စက်ရာနှုန်းပြည့်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၅/၂၀၂၅
၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကျော်ကျော်အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၈˚င | / | ၃၉˚င |
| ရန်ကုန် | ၂၆˚င | / | ၃၈˚င |
| မန္တလေး | ၃၁˚င | / | ၄၂˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား အစရှိသည့် စားသောက်ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ၂၈ ရက်မြောက် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၂၈ ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ ယနေ့အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုဗ္ဗသီရိမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများရှိ ဝန်ထမ်းများအား ဆန် ၆ ပြည်ပါ (မနောသုခ–Export Quality) ၉၇၂၆ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂၄၃ အိတ်၊ ဆီ ၂၇၆၂၀ ပိဿာ၊ ဆား ၁၄၆၅ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၁၂၉ ထုပ်၊ ငါးပိ ၂၅၈ ပိဿာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန် ၄၀ ပိဿာ၊ ငါးမုတ် ၃၀ ပိဿာနှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၈၃ အိတ်၊ စားအုန်းဆီ ၄၅၆၅ ပိဿာ၊ ဆား ၄၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၃၅ ဘူး၊ ငါးပိ ၁၅ ပိဿာ၊ ကြက်သွန်နီ ၅၂၇ ပိဿာ၊ အသားတု ၂၂ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၄၈ အိတ်၊ စားအုန်းဆီ ၅၀၆၀၀ ပိဿာ၊ ဆား ၅၀ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၂ ထုပ်၊ ငါးပိ ၁၉ ပိဿာ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကိုရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ စာမျက်နှာ ၁၂ မှအဆက်

ဒီလို အခက်အခဲတွေကြားကနေ အမြန်ဆုံးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးမှာ တည်ငြိမ်အေးချမ်းမှုရှိရန်လိုပြီး တည်ငြိမ်အေးချမ်းမှသာလျှင် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများနဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဖော်ဆောင်နိုင်မှာဖြစ်တာကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အပစ်အခတ်ရပ်စဲရေးကို အမြော်အမြင်ကြီးစွာထုတ်ပြန်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် အစိုးရနဲ့ပြည်သူတွေအားလုံးအတူလက်တွဲရှိန်းကန်ထူထောင်ကြရမယ့် ရေရှည်လုပ်ငန်းစဉ်တွေမှာ မည်သည့်အဖျက်အမှောင့်လုပ်ရပ်မျိုးကိုမှ ပြည်သူတွေ မလိုလားကြပါဘူး။ ဒီမြေမှာနေ ဒီရေသောက်နေတဲ့ မြန်မာနိုင်ငံသားတစ်ယောက်လို့ ခံယူတဲ့လူတိုင်း အတူတကွပြန်လည်ရုန်းထကျော်ဖြတ်ကြမယ်ဆိုတဲ့ စိတ်ထားမျိုးတွေနဲ့အတူ သဘာဝဘေးအန္တရာယ်ဆိုးကြီးဒဏ်မှ ပြန်လည်ထူထောင်နိုင်ဖို့ ကျွန်တော်တို့အားလုံးတစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ လှော်ခတ်သွားကြရမှာဖြစ်ပါတယ်။

ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးဟာ သဘာဝဘေးအန္တရာယ်တွေကို နည်းများမဆိုကြုံတွေ့ ရင်ဆိုင်ကြမှာဖြစ်သကဲ့သို့ ၎င်းဘေးအန္တရာယ်အခက်အခဲတွေမှ ပြန်လည်ဦးမော့လာစေရေးဟာလည်း နိုင်ငံ့သူ၊ နိုင်ငံသားအားလုံးရဲ့ စိတ်ဓာတ်ပြင်းပြမှုနဲ့ အစိုးရရဲ့ ထက်မြက်တဲ့ ဦးဆောင်မှု၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှုဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ ယနေ့ မန္တလေးငလျင်ကြီးနှင့်ပတ်သက်သော ရေရှည်တည်တံ့တဲ့ ပြန်လည်ထူထောင်ရေး(Sustainable And longterm recovery after earthquake) လုပ်ငန်းစဉ်များကို အစိုးရ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုနဲ့ နိုင်ငံတကာမိတ်ဆွေတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့အတူ တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်။ မန္တလေးငလျင်ကြီးဟာ မြန်မာနိုင်ငံရဲ့မြေထုလွှာကို လှုပ်ခတ်ကွဲအက် ပိုင်းခြားလိုက်သကဲ့သို့ မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေနဲ့ ကိုယ်ခံစွမ်းအားတွေကို ရုန်းကြွမြင့်တက်လာစေမှုနဲ့အတူ ယနေ့ ငလျင်ဘေးဒဏ်ကြီး ပြန်လည်ထူထောင်ရေးမှသည် အေးချမ်းသာယာဝပြောသော အနာဂတ်ဆီသို့ တစ်မျိုးသားလုံးရဲ့ စုပေါင်းအားမာန်တွေနဲ့အတူ လက်တွဲညီညီလျှောက်လှမ်းကြပါစို့လို့ ဆန္ဒပြုရင်း...။ ။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးအကြောင်းကြားခြင်း

နေပြည်တော်တည်ဆောက်ရေး အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာနအဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများအပါအဝင် အခြားအဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်-

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၆၉၆၀၀၆၉၉၉)။

(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**

**ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရွှေတိဂုံစေတီတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဦးအေးထွန်း လှည့်လည်ကြည့်ရှု

**ရန်ကုန် ဧပြီ ၂၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးထွန်းသည်ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရွှေတိဂုံစေတီတော် အလှည့်ကျသဘာပတိ ဦးသောင်းစိန်ဦးနှင့် ဂေါပကအဖွဲ့ဝင်များက စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးစီးပြီဖြစ်၍ ငြိမ်းဖျက်သိမ်းမှုအခြေအနေနှင့် ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးသည် ရွှေတိဂုံစေတီတော် ငြိမ်းဖျက်သိမ်းမှု၊ စေတီတော် အနောက်ဘက်စောင်းတန်းရှိ သွပ်ပန်းတဉ်းများဖြင့် ပြုလုပ်ထားသော မြန်မာမှုပန်းဆွဲလက်ရာများအား ကျွန်းသစ်ဖြင့်ပြုလုပ်ထားသော မြန်မာမှုလက်ရာများဖြင့် ပြောင်းလဲတပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြဒါးရှင်ဘုရားအနီးရှိလဟာပြင်တန်ဆောင်းအတွင်း ရွှေသင်္ကန်းရောင်မှိန်နေသော ဗုဒ္ဓရုပ်ပွားတော်များနှင့် မျက်နှာကြက်များ ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင် ဘုရားခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ ဒုတိယအဖွဲ့ခွဲဆရာတော်များကို သွားရောက်ဖူးမြော်ကြည်ညို၍ ဩဝါဒခံယူသည်။



ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများက လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးမိန့်ကြားရာတွင် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို သက်ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ကျန်ရှိဘာသာရပ်များအတွက် ပြန်လည်ကျင်းပပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ဇွန်လပထမပတ်အတွင်း စာမေးပွဲများကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရာတွင် Richter Scale 8 ဒသမ 00 ခံနိုင်ရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့်ညှိနှိုင်း၍ မူဝါဒချမှတ်ထုတ်ပြန်ပေးရန်နှင့် ရဟန်းသာမဏေများအနေဖြင့် သမဏသာရုပ္ပမဖြစ်သောဖြစ်စဉ်များကြောင့် ပြစ်ဒဏ်ကျခံရပြီး သင်္ကန်းပြန်လည် ဝတ်ရုံခွင့်တောင်းခံရာတွင် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန်တို့ကို မိန့်ကြားရာ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းလျှောက်ထား၍ ဩဝါဒခံယူပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (၅၀၀)

# နေပြည်တော်ကောင်စီနယ်မြေတွင်းရှိ ငလိုက်ရေလှောင်တမံနှင့် ဖောင်းလောင်ရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၇**


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးလျှပ်ကြီး လှုပ်ခတ်ပြီးနောက် ဇမ္ဗူသီရိမြို့နယ်ရှိ ငလိုက်ရာဘာရေလှောင်ဆည်နှင့် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံ၊ ဖောင်းလောင်ရေလှောင်တမံတို့၏ ကြံ့ခိုင်မှုအခြေအနေများ၊ ဆည်ရေသောက်စနစ်များ ထိခိုက်ခဲ့မှုနှင့် အရေးပေါ်ယာယီပြုပြင်ဆောင်ရွက်၍ စိုက်ပျိုးရေပြန်လည်ပေးဝေနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ငလိုက်ရာဘာရေလှောင်ဆည်ကြံ့ခိုင်မှုအခြေအနေနှင့် လက်ဝဲ၊ လက်ယာ ရေသောက်စနစ်အချို့ထိခိုက်ပျက်စီးခဲ့မှုအပေါ် အရေးပေါ်ယာယီပြုပြင်ဆောင်ရွက်၍ နွေစပါး၊ နွေအခြားသီးနှံများကို စိုက်ပျိုးရေပြန်လည်ပေးဝေနေမှုကို လည်းကောင်း၊ ငလိုက်ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ဆက်စပ်ရေအားအဆောက်အအုံ ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်လံရှင်းလင်းပြသကြသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ရေလှောင်တမံနှင့်ဆက်စပ်ရေအားအဆောက်အအုံများ ဘေးကင်းလုံခြုံမှုအခြေအနေ မျက်မြင်စစ်ဆေးမှု အစီရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ငလိုက်ဆည်ရေသောက်စနစ်အတွင်း ထိခိုက်ပျက်စီးခဲ့သော ရေပေးမြောင်းနှင့်ဆက်စပ်ရေအားအဆောက်အအုံများကို အရေးပေါ်ယာယီပြန်လည်ပြုပြင်ပြီး နွေစပါး၊ နွေသီးနှံစိုက်ပျိုးရေလုပ်ငန်းများကို ဧပြီလ ၃ ရက်မှစတင်၍ ပြန်လည်ပေးဝေလျက်ရှိပြီး လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၀)



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ပေါ်ရှိ ငြိမ်းချမ်းရေးကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ မလေးရှားနိုင်ငံမှဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုများကိုလည်းကောင်း၊ သောတာပန်ရပ်ကွက်ရှိ သုတေသကသီလရှင်ကျောင်းတိုက်၌အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုနှင့် သံပုဏ္ဏာရာမကျောင်းတိုက်ကျောင်းပရိဝုဏ်အတွင်း ငလျင်ဒဏ်သင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက်တပ်မတော်ရေသန့်စက်ရုံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေသန့်စက်ရုံတို့မှ ရောဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့၊ ibis Styles Hotel သို့သွားရောက်၍ ထိုင်းနိုင်ငံမှ Col Suthawut Naksri ဦးဆောင်သော ဆေးအကူအညီပေးရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ကူညီဆောင်ရွက်ရေးအင်ဂျင်နီယာအဖွဲ့အား လက်ခံတွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် လိုအပ်သည့်အကူအညီများ ပေးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး စားသောက်ဖွယ်ရာလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများအားလည်းကောင်း၊ လုပ်ငန်းခွင်ဘေးရှိ ပစ္စည်းလက်ခံ/ လွှဲပြောင်းရေး အဖွဲ့ယာယီရုံးတွင် Sky Villa အဆောက်အအုံ အပျက်အစီးများဖယ်ရှားရှင်းလင်းရာတွင် ဖော်ထုတ်ရှာဖွေတွေ့ရှိသော ပစ္စည်းများအား သက်ဆိုင်ရာပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်၊ တစ်ဆက်တည်းတွင် Sky Villa ရှေ့ရှိ အမှတ်(၄)ရေစစ်ကန် အခြေအနေနှင့် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဂရိတ်ဝေါ(လ်)ဟိုတယ်နေရာသို့ရောက်ရှိပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများအားကြည့်ရှုစစ်ဆေး၍ အဆောက်အအုံဘေးရှိ လမ်းမကြီးပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်သည့်အတိုင်း အတာအထိ အမြန်ဆုံးဖြိုချဖျက်ဆီးရှင်းလင်းရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ လမ်းဘေး ဝဲ/ယာ တစ်လျှောက် အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအားလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာ၊ တိုင်းသမဝါယမဦးစီးမှူးရုံး၊ ဘီဂျင်းဟိုတယ်၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံးနေရာတို့တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအားလည်းကောင်း၊ အဆောက်အအုံများအားဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံအဖြစ်သတ်မှတ်ကာ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအားအများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် လမ်းမကြီးဘေး ဝဲ/ယာ မျက်နှာစာတန်းအား ဦးစားပေး၍ အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘုရားရင်ပြင်တော်အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဂန္ဓကုဋီတိုက်ရှိ အမိုး၊ တိုင်၊ ဂုံးနေရာများအား ပိုမိုခိုင်ခံ့အောင်သံချောင်းများအစားထိုး၍ ရေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ ခဝတ်လှေကားနှင့် စက်လှေကားများအား အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ ပတ္တာကျေးရွာအုပ်စု၊ မြင်စိုင်းရပ်နှင့် အေးမြကြည်လင်ရပ်ကွက်တို့ရှိ အန္တရာယ်ရှိအဆောက်အအုံအား ယန္တရားစက်ဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေးစနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့်ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ(၂၈၆၉) လုံးအားစစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့်အဆောက်အအုံ(၂၆၁၄)လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ(၂၅၅ ) လုံးမှ အဆောက်အအုံ (၁၈၃)လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အအုံ (၇၂)လုံးဖြစ်ကြောင်း သိရှိရသည်။

၎င်းနောက် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်(၃၅၄/၃-၃၅၄/၄)အတွင်းရှိ ယုဇနတံတားထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေးနှင့် ယာဉ်များပိတ်ဆို့မှုမဖြစ်စေရေးစနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ရွှေသာလျောင်းတောင်ပေါ်ရှိ ငြိမ်းချမ်းရေးကျောင်းတိုက်သို့ သွားရောက်၍ အပျက်အစီးများကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ နေ့ဆွမ်းနှင့် ဝတ္ထုငွေများ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းနောက် ကျောက်ဆည်မြို့၊ စုကြီးရပ်၊ ရွှေမုဋ္ဌောဘုရား၌ စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဆည်/မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အင်ဂျင်နီယာကောင်စီမှအင်ဂျင်နီယာများဖြင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး ငလျင်ဒဏ် 8 Magnitude ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ SOPရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ ကျောက်သေတ္တာကြီး Geophysical Survey (ဘူမိဗေဒတိုင်းတာခြင်း)ဆောင်ရွက်ခြင်း၊ Topo Graph Survey (မြေမျက်နှာပြင်အနိမ့်အမြင့်တိုင်းတာခြင်း) ဆောင်ရွက်ခြင်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ မြေပြင်ကွင်းဆင်း တိုင်းတာမှုအနေဖြင့် လျှပ်စစ်လွှတ်ရန် ဆက်သွယ်ကြိုးသွယ်တန်းခြင်း၊ ကျောက်သား/မြေသားအတွင်းသို့ Steel Electrode(စတီးသံချောင်းများ) ရိုက်သွင်းခြင်း၊ ဆက်သွယ်ကြိုးနှင့် Steel Electrode များအား ကလစ်ဖြင့် ချိတ်ဆက်ခြင်း၊ တိုင်းတာရေးစက်ဖြင့် လျှပ်စစ်လွှတ်၍ တိုင်းတာခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး မြေပြင်တိုင်းတာမှုပြီးစီးပါက တွက်ချက်မှုများဆက်လက်လုပ်ဆောင်၍ ရရှိလာသောအဖြေများကို အင်ဂျင်နီယာကောင်စီသို့ပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်တို့က ထိုင်းနိုင်ငံမှ Col Suthawut Naksri ဦးဆောင်သော ဆေးအကူအညီပေးရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက်ကူညီဆောင်ရွက်ရေးအင်ဂျင်နီယာအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရေသန့်စက်ရုံမှ သောက်သုံးရေဖြန့်ဝေပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနားပြုလုပ်

နေပြည်တော် ဧပြီ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းမဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါရွှေတိဂုံစေတီရင်ပြင်တော်ပေါ်၌ပြုလုပ်ရာ ကျိုင်းတုံမြို့ တူးယားကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိနှင့် သီလဓမ္မကုန်းသာတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ စေတနာရှင်အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ လွယ်တိန်ခမ်းတောင်တန်းသာသနာပြု ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တသုခမိန္ဒ မဟာထေရ်မြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့်ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာမဏ္ဍပ်တော်ကြီးရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ခဲ့ကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့်စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်စဉ်။

ဆက်လက်၍ ကျိုင်းတုံမြို့၊ တူးယားကျောင်းတိုက်ဆရာတော်နှင့် သီလဓမ္မကုန်းသာတောရကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များက ဦးဆောင်၍ တာချီလိတ်မြို့၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ပိုမိုသယ်ဆောင်နိုင်ရန်ကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေအရ ဝန်အားထိန်းညှိရသဖြင့် အချိန်ပိုင်းဓာတ်အားပိတ်၍ ဓာတ်အားဖြန့်ဖြူးပေးနေရသောကြောင့် ဖြန့်ဝေသည့်အချိန်တွင် သတ်မှတ်ထားသည့်အချိန်တိုင်း တိကျစွာရရှိရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေး၊ လျှပ်စစ်ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတွင် တည်ငြိမ်ပြည့်ဝသည့် ဓာတ်အားစနစ်ရရှိရေးတို့ကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်မှုများအပေါ် အားလုံးမှ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဓာတ်အားခကြွေးကျန် အလွဲသုံးစားမှုများမဖြစ်စေရေး၊ မီတာဖတ်ရှုမှုအား မှန်ကန်စွာဖတ်ရှုသွားနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာန၏ လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြခဲ့မှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၇

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် ဧပြီလ ၂၇ ရက်အထိ သေဆုံးသူ ၃၇၆၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၇ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီလ ၂၆ ရက် ည ၈ နာရီ ၁၀ မိနစ်မှ ဧပြီလ ၂၇ ရက် ညနေ ၅ နာရီအတွင်း တရုတ်နိုင်ငံက ထောက်ပံ့ပေးသည့် ခြင်ထောင်၊ အိပ်ရာခင်းများ ၇ ဒသမ ၆၈၉ တန်၊ မြန်မာထိုင်ဝမ်ကုန်သည်ကြီးများအသင်းက ထောက်ပံ့ပေးသည့် လူသုံးကုန်ပစ္စည်းများ သုည ဒသမ ၉၇၁ တန်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ထောက်ပံ့ပေးသည့် မီးဖိုချောင်သုံးပစ္စည်းများ၊ ရေပုံး၊ တာပေါ်လင်၊ ဆိုလာမီးအိမ် ၈၀ ဒသမ ၁၆၈ တန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မိုး ထစ်ချုန်း ရွာမည်

နေပြည်တော် ဧပြီ ၂၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေး အတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နည်းပညာတက္ကသိုလ်(တောင်ကြီး)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ကြီး)တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ကြီး)၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ကြီး) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ရှိ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) သို့ သွားရောက်ကာ ပင်မဆောင် ထိခိုက်ပျက်စီးမှုအခြေအနေနှင့် ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့် လက်တွေ့ခန်းများ အဆင်သင့်ဖြစ်စေနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး)ရှိ စာသင်ဆောင်များ၊ အလုပ်ရုံများတွင် သင်ကြားသင်ယူမှုများနှင့် စာတွေ့လက်တွေ့ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး နောင်လာမည့် စာသင်နှစ်များတွင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော လုပ်ငန်းခွင်အခြေပြု သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ အစည်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ် (တောင်ကြီး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး) တို့ရှိ အဆောက်အအုံများ၊ ပင်မဆောင်၊ စာသင်ဆောင်များ၊ ကွန်ပျူတာခန်း၊ အလုပ်ရုံများ၊ ဘောလုံးကွင်း၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်သွားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သောပြုပြင်မှုများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် အရည်အသွေးနှင့် နည်းစနစ်ကောင်းမွန်မှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားပြီး ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ရှိ နည်းပညာတက္ကသိုလ် (ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)သို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် သင်ကြားသင်ယူမှုများ အဆင်သင့်ဖြစ်စေနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူ့ဆေးရုံများကို ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်း လှည့်လည်ကြည့်ရှု

နေပြည်တော် ဧပြီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး (ကျောက်ဆည်မြို့) သို့ ရောက်ရှိကာ အထွေထွေရောဂါကုသဆောင်၊ အရိုးကုသဆောင်၊ ခွဲစိတ်မှန်ဌာန၊ ခွဲစိတ်ခွဲဌာန၊ အရေးပေါ်လူနာကုသဌာန၌ ဆေးဝါးကုသမှုခံယူနေသော လူနာများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ ခွဲဝေချထားပေးသော ရန်ပုံငွေဖြင့် ဆေးဝါးများ ဝယ်ယူကာ လူနာများအား ထောက်ပံ့ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်မှ ပံ့ပိုးပေးသည့် ရန်ပုံငွေနှင့် လှူဒါန်းရရှိမှုများကို ပြည်သူများထံ အကျိုးရှိစွာ ရောက်ရှိစေရေး အလေးထားဆောင်ရွက်ပေးရန်နှင့် စနစ်တကျ စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီး၌ အရေးပေါ်လူနာများ လက်ခံဆောင်ရွက်နေမှု၊ ဆေးဝါးများထုတ်ပေးမှု၊ အရိုးနှင့် ထိခိုက်ဒဏ်ရာရလူနာများ၊ အထွေထွေရောဂါလူနာများအား ကုသပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ယာယီရပ်ဆိုင်းခဲ့ရပြီး ကုသရေးလုပ်ငန်းများပြန်လည်ဆောင်ရွက်နေသည့် ခွဲစိတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါလူနာများအား ကုသပေးနေမှု၊ နှလုံးနှင့်သွေးကြောရောဂါကုဌာနတွင် အထူးစက်များအသုံးပြု၍ ဆေးကုသမှုများပြန်လည်ဆောင်ရွက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ထိခိုက်ပျက်စီးသော လူနာဆောင်၊ ဌာနများ ပြန်လည်ပြုပြင်ရန်နှင့် ကုသရေး လုပ်ငန်းများအားလုံး လည်ပတ်ဆောင်ရွက်ရန် ဌာနအလိုက် တာဝန်ခံ အထူးကုဆရာဝန်ကြီးများအား ဆွေးနွေးမှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်-မန္တလေး ဇီဝကစာသင်ခန်း၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မန္တလေးမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ်-မန္တလေးနှင့် ဆေးနှင့်နီးနွယ်တက္ကသိုလ်များ၊ သင်တန်းကျောင်းများမှ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဌာနအလိုက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု၊ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများနေထိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အရိုးရောဂါအထူးကုဆေးရုံကြီး-မန္တလေးဆေးရုံဝင်းအတွင်းရှိ ခြေတုလက်တုနှင့်အားပြုကိရိယာအလုပ်ရုံသို့ သွားရောက်ကာ အင်အားပြင်းထန်သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ခြေလက်ဆုံးရှုံးသူများအား ခြေတုလက်တုတပ်ဆင်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် ရောဝတီဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော ယာယီဆေးကုသဆောင်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ကုသပေးနေမှု အခြေအနေများကို ကြည့်ရှု၍ လူနာများအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု(တတိယနေ့) ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

တပ်မတော်တွင် နဝမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု(တတိယနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူး ကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ရာ အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဦးကျော်စောအောင်နှင့်အသည်းအလှူရှင် ကိုလင်းထက်အောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲ အချိန်တွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲအချိန်ခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၉ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့်အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် ၂ ဦးနှင့် အသည်းလက်ခံလူနာ ၂ ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



အသည်းအစားထိုးခွဲစိတ်ကုသမှု (တတိယနေ့)ဆောင်ရွက်စဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Pyapon Township ships about 80,000 visses of soft-shelled crabs to Yangon market



PYAPON April 27

A total of 79,000 visses of soft-shelled crabs from Pyapon Township, Ayeyawady Region, were shipped to the Yangon market said Daw Thuzar Win, owner of a fishery products sale centre in Pyapon Township.

Up to 53,000 visses of soft-shelled crabs from Pyapon Township were transported to the Yangon market in December 2024.

"The Yangon market bought more soft-shelled crabs than before. More soft-shelled crabs were sold in January than in November. There was a lot of supply to the Yangon market, but the soft-shelled crab market is currently stable. The soft-shelled crabs from this area are mainly shipped to the Yangon market," she said.

The price of soft-shelled crabs from Pyapon Township is ranged from Ks-17,500 to Ks-35,000 per viss. The regular sale of these soft-shelled crabs is a boon for fishermen, sole traders, fishery products sale centre owners, traders, and truck rental operators. **SK**

## Farmers finish cultivation of lima bean as cold season crop

YINMABIN April 27

Statistics of Yinmabin District Agriculture Department stated that a total of 3,893 acres of lima bean has been planted as cold season crops in Yinmabin District of Sagaing Region.

They planted 3,893 acres of lima bean exceeding the target of 3,885 acres, starting from October 2024.

Daw Myat Moe Win, Head of Yinmabin District Agriculture Department disclosed: "In Yinmaing District, during the winter crop planting season, a total of 3,885 acres of lima bean were earmarked to be cultivated. As of today, 3,893 acres have already been planted. It is possible to plant more than initially planned. Lima beans are typically planted only in the winter. The cultivation of lima bean has been very successful, as they provide good market prices, which is why they are trusted and widely planted."

In this regard, Yinmabin Township planted 859 acres of lima bean, Kani Township 2,827 acres and Pale Township 207 acres, totalling 3,893 acres.

In 2024-2025 season, Yinmabin Township earmarked 875 acres of lima bean, Kani Township 2,800 acres and Pale Township 210 acres, totalling 3,885 acres.

In Yinmabin District this year, local farmers have been cultivating groundnut crops separately, and some farmers have been growing the crops in mixed-cropping pattern to earn extra income. Farmers in the region, who grow various types of beans, are being supported by the relevant township agriculture departments to improve crop yields, cultivate better and more resilient varieties, and provide necessary technical assistance. Furthermore, they are being educated on the use of natural pesticides and timely harvesting methods to prevent pest and disease outbreaks. **SMK**

## Farmers complete harvest of sesame in Kawlin District



KAWLIN April 27

According to records from the Kawlin District Department of Agriculture, the harvesting of all sesame crops planted during the winter season, has been completed in Kawlin District, Sagaing Region.

During the winter planting season, a total of 28,192 acres of sesame were cultivated in Kawlin District. The harvesting process began in December 2024 and has now been fully completed. The average yield was 11.73 baskets per acre.

U Win Thein, the head of the Kawlin District Agriculture Department said: "The total sesame cultivation in Kawlin District this winter reached 28,192 acres. As of now, 100 percent of these crops have been harvested. Sesame cultivation is growing year by year, and it is mainly planted during the winter. As an oilseed crop, it has been highly successful."

Local farmers in Kawlin Township harvested 14,055 acres of sesame, Wuntho Township 9,005 acres and Pinlebu Township 5,132 acres, totalling 28,192 acres against the target cultivation.

For the upcoming 2024-2025 winter season, local authorities earmarked cultivation of 15,635 acres of sesame in Kawlin Township, 9,010 acres in Wuntho Township and 5,122 acres in Pinlebu Township, totalling 29,767 acres.

The Department of Agriculture is actively providing support to farmers by promoting expanded sunflower cultivation, improved farming techniques, and GAP (Good Agricultural Practices) methods. Efforts are being made to ensure the use of high-quality seeds with higher yield potential.

Sesame crops grown under the GAP system offer superior quality, better market prices, and increased export potential. Farmers who adopt GAP-certified cultivation methods can enhance their income and improve their socio-economic conditions by accessing both domestic and international markets. **SK**

## Farmers harvest all sown acreage of pigeon pea

SAGAING April 27

In Sagaing Township, the pigeon pea crops cultivated during the rainy season have been fully harvested, according to records from the Sagaing Township Agriculture Department of Sagaing Region.

In the township, during the rainy season, pigeon pea crops were cultivated on a total area of 19,752 acres. The harvesting of these crops began in December 2024, and as of today, the full harvest has been completed on all 19,752 acres, with an average yield of 16.12 baskets per acre.

According to U Myo Thant Aung, the Head of the Sagaing Township Agriculture Department, over 19,000 acres of pigeon pea were cultivated in the township. The harvesting has been completed across all these fields. The department also focuses on ensuring a good yield rate, supporting farmers with appropriate cultivation practices and pest management.

Moreover, the township Agriculture Department has been providing education to farmers on selecting quality seeds, proper planting techniques, pest control, and improving yields. **SMK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Farmers plant more than 9,000 acres of peanuts in Homalin Township

HOMALIN April 27

According to statistics from the Homalin Township Department of Agriculture, a total of 9,426 acres of peanuts have been successfully cultivated in Homalin Township of Sagaing Region, surpassing the initially planned acreage.

For the 2024-2025 winter crop season, the township had initially planned to cultivate 2,022 acres of peanuts. However, since the planting began in October 2024, the cultivation has expanded significantly, reaching 9,426 acres as of today.

"The initial plan for winter crop cultivation in Homalin Township included 2,022 acres of peanuts. However, we have now successfully planted 9,426 acres, exceeding our target. The peanut cultivation has been progressing successfully, and as an oilseed crop, it is thriving. Year by year, the cultivation of peanuts continues to expand," said Daw Su Su Htwe, Head of the Homalin Township Department of Agriculture.

In Homalin Township, peanut cultivation requires approximately 1.5 baskets of seeds per acre, with costs exceeding Ks-200,000 per acre, including seed expenses, labour wages, fertilizers, and pesticides. Each cultivated acre is expected to yield over 50 baskets of peanuts.

To ensure successful cultivation, prevent pest infestations, and maintain weed-free fields, agricultural department staff are conducting field inspections and keeping records to monitor the progress of peanut farms in Homalin Township.

**SK**

# Farmers complete cultivation of more than 2,000 acres of chilli in Sagaing District

SAGAING April 27

Statistics of Sagaing District Agriculture Department stated that a total of 2,291 acres of chilli has been planted in Sagaing District of Sagaing Region this cold season.

In 2024-2025 cold season, local authorities earmarked cultivation of 2,373 acres of chilli in Sagaing District but farmers have planted 2,291 acres of crops against the target.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "Local farmers have grown 2,291 acres of chilli against the target of 2,372 acres in Sagaing District. They are trying to meet the target cultivation. The crops are thriving at the farms. Our department helped local farmers grow chilli on a commercial scale."

Sagaing Township planted 1,161 acres of chilli, Myinmu Township 341 acres and Myaung Township 789 acres, totalling 2,291 acres.

In 2024-2025 cold season, local authorities earmarked cultivation of 1,151 acres of chilli in Sagaing Township, 450 acres in Myinmu Township and 771 acres in Myaung Township, totalling 2,372 acres.

Staff members of district and township Agriculture Departments help local farmers get good prices for chilli, secure market share, apply agricultural techniques, prevent pests and improve soil nitrition.

In growing chilli plants, farmers need to cost some Ks-1.5 million per acre for own croplands and some Ks-2.5 million for rented croplands. Harvest of chilli can be conducted once every 15 days till six months. The chilli farm can yield some 100 viss of chilli for the first time and then 400-500 viss per week.

**SMK**

# Shwebo District plants more than 6,000 acres of sunflower

SHWEBO April 27

According to records from the Shwebo District Agriculture Department, sunflower cultivation for the 2024-2025 winter crop season has reached a total of 6,391 acres in Shwebo District of Sagaing Region.

A total of 6,500 acres of sunflower cultivation was planned for this season, with planting starting in October 2024. As of today, 6,391 acres have been successfully cultivated.

"The goal for this winter crop season in Shwebo District is to cultivate 6,500 acres of sunflowers. Expanding sunflower cultivation helps reduce reliance on imported palm oil, as sunflowers produce more oil per acre compared to other oilseed crops like peanuts and sesame. Moreover, sunflowers are typically grown only in the winter season," said Daw Zar Zar Min, Assistant Director of the Shwebo District Agriculture Department.

As of now, a total of 345 acres of sunflower cultivation in Shwebo District was cultivated in Shwebo Township, 1,457 acres in KhinU Township, 4,440 acres in Wetlet Township and 149 acres in Kyaukmyaung, totalling 6,391 acres.

For the 2024-2025 season, Shwebo Township earmarked to grow 425 acres of sunflower, KhinU Township 1,507 acres, Wetlet Township 4,433 acres and Kyaukmyaung 135 acres, totalling 6,500 acres.

To expand sunflower cultivation, the respective township agriculture departments are actively conducting training programs to enhance farmers' knowledge and skills. Additionally, initiatives are in place to provide quality seeds for farmers, sell urea fertilizers at affordable prices and promote seed exchange programmes among farmers.

These efforts aim to boost productivity and reduce dependency on imported edible oils by increasing local sunflower oil production.

**SMK**

# 54 terrorists infiltrating Pakistan from Afghanistan killed in clash: military

ISLAMABAD April 27

Pakistani security forces have killed 54 terrorists who attempted to infiltrate Pakistan from Afghanistan over the past two nights, the military said in a statement on Sunday.

According to the Inter-Services Public Relations (ISPR), the media wing of the Pakistan Army, the infiltration attempts took place on Friday and Saturday nights along the Pakistan-Afghanistan border in North Waziristan district of Pakistan's northwest Khyber Pakhtunkhwa province.

The infiltrators were surrounded, effectively engaged, and killed after an intense exchange of fire, the ISPR said, adding that a large quantity of weapons, ammunition and explosives was recovered from the scene.

The ISPR said that the number of terrorists killed marked the highest in a single engagement since the beginning of Pakistan's counter-terrorism campaign.

"Security forces of Pakistan remain determined and committed to securing the country's borders and eradicating the menace of terrorism," the statement added. **Xinhua**

# US will decide on participation in Ukraine peace process in coming week — State Secretary

MOSCOW April 27

US Secretary of State Marco Rubio said on Sunday that Washington will assess the progress in the Ukrainian conflict settlement in the coming week and will decide whether it wants to continue to take part in the peace process or not.

"I think this is gonna be a very critical week. This week is gonna be a really important week in which we have to make a determination about whether this is an endeavor that we want to continue to be involved or if it's time to sort of focus on some other issues that are equally if not more important in some cases. But we wanna see it happen. There are reasons to be optimistic, but there are reasons to be realistic of course as well," Rubio told NBC News.

**Sputnik**

# Pakistan, India exchange fire again along LoC: sources

ISLAMABAD April 27

An exchange of fire occurred between Pakistani and Indian armed forces along the Line of Control (LoC) in Kashmir, security sources from Pakistan said on Sunday.

"On April 26th, from 11:30 p.m. to 11:50 p.m. local time (1830-1850 GMT Saturday), Indian troops initiated unprovoked firing with light and medium machine guns targeting the Malta Post in the Leepa Sector of Jhelum Valley District," the sources told Xinhua on condition of anonymity.

The Jhelum Valley District is located in Pakistan-controlled Kashmir.

In response, the Pakistani troops retaliated with small arms fire, and the exchange of fire continued until around 2:00 a.m. local time on Sunday (2100 GMT Saturday), after which the situation returned to normal, the sources added.

No casualties or material losses have been reported from either side, according to the sources.

Tensions between Pakistan and India frequently flare along the LoC, the de facto border that divides the disputed region of Kashmir between the two South Asian neighbors.

**Xinhua**

# 2 dead, 3 injured in shooting in Italy's Sicily

ROME April 27

At least two people were killed and three others injured on Saturday evening in a shooting in Palermo, the capital of Italy's Sicily, Italy's ANSA news agency reported.

The report said the incident was triggered by a dispute between two groups of young people in a pizzeria near the busy Duomo di Monreale square. The confrontation then escalated into a shooting.

The two deceased were aged 25 and 23, and all the injured sustained serious wounds. Further investigation is ongoing.

**Xinhua**

# 9 killed in car crash into crowd at Vancouver festival




OTTAWA April 27

Nine people have been confirmed dead after a car plowed into the crowd at a street festival in Canada's Vancouver on Saturday evening, local police said Sunday.

The Vancouver police said in an X post that they believe this incident was not an act of terrorism.

The tragedy happened shortly after 8 p.m. (0300 GMT) near East 43rd Avenue and Fraser Street where the Lapu Lapu Day Block Party was going on.

Local media reported that a black SUV struck individuals who were either walking or waiting near food trucks, leaving multiple victims lying on the ground.

The suspect, a 30-year-old Vancouver man, was arrested at the scene and an investigation is underway.

Canadian Prime Minister Mark Carney expressed his shock, saying in his social media account: "I am devastated to hear about the horrific events at the Lapu Lapu festival in Vancouver earlier this evening. We are monitoring the situation closely."

Vancouver Mayor Ken Sim said: "I am shocked and deeply saddened by the horrific incident at today's Lapu Lapu Day event. We will work to provide more information as soon as we can."

**Xinhua**

# Fourth round of Iran-US talks likely to take place in Europe in next 2 weeks

MOSCOW April 27

The fourth round of US-Iran talks is likely to take place in Europe within the next two weeks, The New York Times reported on Sunday, citing a senior US official and an unnamed source.

The third round of US-Iran talks on the nuclear issue took place in the Omani capital of Muscat on Saturday. Iran's delegation was led by Iranian Foreign Minister Abbas Araghchi and the US's delegation by special envoy Steve Witkoff. After the talks, Araghchi said that the third round of indirect talks was significantly more "serious" than earlier discussions. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Karsan Pioneers Autonomous Public Transport in Europe




Karsan's Autonomous e-ATAK transforms public transport, bringing cutting-edge driverless technology to Italy and shaping the future of mobility.

Karsan, a company transforming public transport infrastructure with its electric and autonomous vehicles, has taken another significant step in transforming mobility in Europe.

Following the successful launch of the world's first Level-4 autonomous public transport vehicle, the Autonomous e-ATAK in Madrid, Spain, the innovative driverless technology has now made its way to Bolzano, Italy.

**Bolzano welcomes Italy's first autonomous bus**

Introducing the Autonomous e-ATAK to Bolzano marks a significant milestone in Italy's journey towards smart and sustainable mobility.

At the launch participants had the opportunity to experience the country's first autonomous bus as Karsan organised a test drive in Bolzano.

The event showcased the potential of autonomous technology to transform the future of public transport.

The event, hosted by Bolzano's public transport authority SASA, provided a platform for evaluating the capabilities of the Autonomous e-ATAK under real-world conditions.

The test drive occurred at the Safety Park circuit near Bolzano, which was designed for safe driving simulations and advanced automation trials.

During the demonstration, the Autonomous e-ATAK successfully navigated the course without driver intervention, proving its efficiency and reliability.

The vehicle's manoeuvrability was demonstrated by smoothly handling tight corners and different traffic scenarios.

**Autonomous public transport**

Developed in partnership with technology provider ADASTEC, it is the first Level-4 autonomous electric bus to operate in real-world conditions.

The bus has already carried passengers along a 5km route for 18 months at Michigan State University in the US.

It has been in operation in Stavanger, Norway, since 2022, where it runs on an open traffic route with ticketed passengers.

Recently, its route was extended to include a tunnel, making it the first autonomous vehicle to navigate such an infrastructure successfully.

Building on its success in the US, Norway, France, Romania, Finland and Turkey, Karsan plans to expand into Switzerland, the Netherlands and Sweden in 2025.

With 11 autonomous projects at 10 different locations, the e-ATAK remains the world's only Level-4 autonomous bus in active public transport.

**A sustainable and intelligent mobility solution**

Equipped with an advanced sensor package, the Karsan Autonomous e-ATAK integrates LiDAR, Radar, RGB Cameras, GNSS and cutting-edge sensors to provide seamless navigation and situational awareness in all weather conditions.

The vehicle can reach speeds of up to 40km/h and can autonomously perform all essential bus operations, including stopping at designated areas, managing passenger entry and exit and responding to traffic signals.

The e-ATAK is an ideal solution for urban mobility.

It measures 8.3 metres in length and offers high passenger capacity while maintaining sustainability.

It supports efficient charging, needing five hours with AC units or three hours with DC units to achieve a full charge, ensuring round-the-clock service availability.

With a 59-year legacy in the Turkish automotive industry, Karsan has established itself as a leading manufacturer of commercial vehicles.

As Turkey's only independent multi-brand vehicle manufacturer, Karsan remains committed to being at the forefront of mobility solutions, continually developing innovative products and services is paving the way for a smarter, more sustainable future in public transport.

With the successful introduction of the Autonomous e-ATAK in Italy, Karsan continues demonstrating its commitment to advancing the future of transportation across Europe.

As more cities adopt autonomous solutions, Karsan aims to play a pivotal role in shaping the next generation of public mobility, providing all safer, smarter and more sustainable transportation options.

**EVM**

# Death toll in blast in Iran's Bander Abbas Port rises to 25 people

TEHRAN April 27

The death toll from the explosion at the Shahid Rajaee port in the southern Iranian city of Bandar Abbas has risen to 25, the province's chief justice Mojtaba Ghahrani said on Sunday.

"The death toll in the Shahid Rajaee port has risen to 25 people," the official was qouted as saying by the Fars news agency.

On Saturday, a large blast occurred in the port in the southern Iranian city of Bandar Abbas. Following the explosion, the IRNA news agency reported that it was set off by chemicals stored improperly.

**Sputnik**

## TRANSPORTATION

### Deepal က ပထမဆုံးသောအဆင့်မြင့် SUV ကို ထုတ်ဖော်မိတ်ဆက်

Deepal ဆိုတာ တရုတ်နိုင်ငံ Changan ကုမ္ပဏီက ၂၀၂၂ ခုနှစ်မှာ စတင်ဖွင့်လှစ်လိုက်တဲ့ စွမ်းအင်အသစ်သုံးယာဉ်များကို သာသီးသန့်ထုတ်လုပ်မယ့် ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။

အခုအဲဒီကုမ္ပဏီက သူတို့အတွက် ပထမဆုံးသော အဆင့်မြင့် SUV အမျိုးအစား အသစ်တစ်မျိုးကို ထုတ်ဖော်မိတ်ဆက်ပြီး ကြိုတင်ရောင်းချမှုတွေလုပ်ဆောင်နေပါပြီ။

အဲဒီ SUV ကို RWD Max၊ RWD Ultra၊ RWD Ultra+၊ AWD Ultra နဲ့ AWD Ultra+ High–Definition ဆိုတဲ့အမျိုးအစားငါးမျိုးနဲ့ရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းမှာဒေါ်လာ ၃၂၉၀၀ ကနေ ၄၂၅၀၀ ကြားရှိပါတယ်။

S09 လို့အမည်ပေးထားတဲ့ အဲဒီ SUV ကို Deepal ကုမ္ပဏီရဲ့ မျိုးဆက်သစ်နည်းပညာဖြစ်တဲ့ Super Range Extension 2.0 နည်းပညာအသုံးပြုပြီးတည်ဆောက်ပေးထားတဲ့အပြင် ၂၃၁ ကီလိုဝပ်အထိရှိတဲ့ မော်တာကိုတပ်ဆင်ပေးထားတာဖြစ်ပါတယ်။

ဒါ့အပြင် သူ့မှာဟွာဝေကုမ္ပဏီထုတ်ယာဉ်မောင်းအထောက်အကူပြုစနစ်ကိုလည်းတပ်ဆင်ထားတာကြောင့် အရွယ်အစားကြီးမားတဲ့ SUV ယာဉ်တွေအတွက် ကားပါကင်နေရာနဲ့ပတ်သက်တဲ့ အခက်အခဲတွေကိုလည်း ဖြေရှင်းပေးနိုင်စွမ်းရှိပါတယ်။

တစ်နည်းပြောရမယ်ဆိုရင် S09 က သူ့ကုမ္ပဏီထုတ် အဆင့်မြင့်ကားငါးမျိုးရဲ့ ကောင်းခြင်းတွေကိုစုပေါင်းထားတယ်လို့ ပြောနိုင်ပါတယ်။ **Ref: IE**

**K.H**



### မြစ်ကိုဖြတ်ကူးနိုင်မယ်ဆိုတဲ့ Cybertruck ရွှံ့ထဲမှာပင်နစ်နေ

Cybertruck ဆိုတဲ့ကားက လှေတစ်စင်းလိုမျိုးမြစ်ကိုဖြတ်ကူးနိုင်မယ်ဆိုတဲ့ အီလွန်မတ်ရဲ့စကားကိုယုံစားပြီး ကယ်လီဖိုးနီးယားပြည်နယ်မှ Cybertruck ကားပိုင်ရှင်တစ်ဦးက သူ့ရဲ့ကားကိုစမ်းသပ်မှုတွေလုပ်ခဲ့ပါတယ်။

ဒါပေမဲ့စိတ်မကောင်းစွာနဲ့ပဲ ကားပိုင်ရှင်က သူ့ရဲ့ကားကိုရွှံ့ညွန်ဖြတ်ကူးစနစ်ပြောင်းပြီးနောက် ရွှံ့ထဲကိုဖြတ်မောင်းတဲ့အခါ သူ့ရဲ့ဒေါ်လာတစ်သိန်းတန် Cyber–truck ကရွှံ့ထဲမှာရုန်းလို့မရဘဲနစ်နေပါတော့တယ်။ နောက်ဆုံးမှာတော့ ကားပိုင်ရှင်က ကယ်လီဖိုးနီးယားအမြန်လမ်းရဲတပ်ဖွဲ့ရဲ့အကူအညီယူပြီး သူ့ရဲ့ကားကို ရွှံ့ထဲကနေပြန်ဆွဲထုတ်ခဲ့ရပါတယ်။

Cybertruck လိုမျိုး တက်စလာထုတ်ကားတွေက တချို့သောအခြေအနေမှာ ရေပေါ်မှာပေါ်နိုင်တယ်ဆိုပေမယ့် ယာဉ်ကိုအခုလိုမျိုးအခြေအနေမျိုးနဲ့အသုံးပြုမိလို့ ရေကြောင့်ဖြစ်ပေါ်လာတဲ့အပျက်အစီးတွေအတွက် အာမခံမပေးဘူးလို့ တက်စလာကုမ္ပဏီကရေးထားကြောင်း Electrek သတင်းဌာနကရှင်းပြထားပါတယ်၊ ဒါ့အပြင် တက်စလာ ကားပိုင်ရှင်တွေအနေနဲ့ ကြော်ငြာထားတဲ့စာသားတွေကိုမယုံကြည်ဘဲနဲ့ ကားရဲ့အာမခံပါစာသားတွေကိုသာယုံသင့်တယ်လို့ဆိုပါတယ်။ **Ref: IE**

**K.H**



## MILITARY

### AI နဲ့မောင်းနှင်မယ့် ကမ္ဘာ့ပထမဆုံးသောစစ်ရေယာဉ် အမေရိကန်ထုတ်ဖော်ပြသ



အမေရိကန်နိုင်ငံက AIRCAT Bengal MC လို့ခေါ်တဲ့ မျိုးဆက်သစ်စစ်ရေယာဉ်တစ်စင်းကို ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီစစ်ရေယာဉ်ဟာ တည်ဆောက်ခဲ့သမျှသောစစ်ရေယာဉ်များအနက် အဆင့်မြင့်ဆုံးသော မောင်းသူမဲ့စစ်ရေယာဉ်တစ်စင်းလည်းဖြစ်တယ်လို့ဆိုပါတယ်။

Eureka Naval Craft ကုမ္ပဏီက ပြည်ပမှနည်းပညာကုမ္ပဏီများနဲ့ပူးပေါင်းပြီး ထုတ်လုပ်ထားတဲ့ ဒီစစ်ရေယာဉ်ကို AI နည်းပညာအသုံးပြုထားတာဖြစ်ပေမယ့် အလေးချိန် ၄၄ တန်ရှိတဲ့ဝန်စည်စလယ်တွေကိုတင်ဆောင်နိုင်ကာ ရေမိုင် ၁၀၀၀ အထိခရီးနှင်နိုင်စွမ်းရှိပါတယ်။

ဒါ့အပြင် တိုမာဟော့နဲ့ တခြားရေတပ်သုံးဒုံးကျည်တွေကိုလည်း တင်ဆောင်ပစ်ခတ်နိုင်အောင် ဖန်တီးထားတဲ့အတွက် သမားရိုးကျစစ်ရေယာဉ်တစ်စင်းထက် ပိုမိုတဲ့စွမ်းဆောင်ရည်တွေကို ပိုင်ဆိုင်ထားတယ်လို့ဆိုပါတယ်။ **Ref: IDR**

**K.H**

### ဥရောပက ပဉ္စမမျိုးဆက် တိုက်ပွဲဝင်တင့်များထုတ်လုပ်မည်



ဥရောပရဲ့ကာကွယ်ရေးလုပ်ငန်းစုက ဥရောပကာကွယ်ရေးရန်ပုံငွေအစီအစဉ်အရ သွားလာလှုပ်ရှားရလွယ်ကူတဲ့အပြင် အဆင့်မြင့်နည်းပညာများပါဝင်တဲ့ ပဉ္စမမျိုးဆက် ပင်မတိုက်ပွဲဝင်တင့်များကို ဖန်တီးထုတ်လုပ်သွားဖို့ စီစဉ်နေပါတယ်။

အဲဒီပင်မတိုက်ပွဲဝင်တင့်တွေက ရှင်သန်နိုင်စွမ်းရှိရမယ်၊ ပစ်အားကောင်းရမယ်၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်ရမယ်ဆိုတဲ့ စံနှုန်းတွေနဲ့ပြည့်မီစေရမယ်လို့ဆိုပါတယ်။

ဒါ့အပြင် အဆင့်မြင့်တင်ထားတဲ့သံချပ်ကာ၊ မျိုးဆက်သစ်အာရုံခံကိရိယာများနဲ့ C4I စနစ်မှာလည်း တိုးတက်မှုတွေရှိစေရမယ်လို့သိရပါတယ်။ ဒါတင်မကသေးပါဘူး။ သူ့မှာ AI နည်းပညာပေါင်းစပ်ပါဝင်ပြီး လှုပ်ရှားသွားလာမှုအတွက်လည်းစွမ်းအင်နှစ်မျိုးသုံးစနစ်၊ ဆိုက်ဘာဒဏ်ခံစနစ်၊ အဆင့်မြင့်အာရုံခံကိရိယာများပေါင်းစည်းမှုစနစ်တို့ပါဝင်ကာ ဒီနှစ်အတွင်းလက်တွေ့စမ်းသပ်မှုတွေလုပ်ဆောင်သွားမယ်လို့ သိရပါတယ်။ **Ref: IE**

**K.H**

### ရေငုပ်သင်္ဘောကိုရှာဖွေမယ့် ကွမ်တမ်ဆင်ဆာတပ်ဒရုန်း

ရေအောက်မှာသွားလာနေတဲ့ အရာတွေကို ရေပြင်အထက်ကနေရှာဖွေမှုလုပ်ဖို့ဆိုတာ သိပ်တော့မလွယ်ကူပါဘူး။ အဓိကအားဖြင့် ယနေ့ခေတ်လိုမျိုး နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတွေပေါ်ပေါက်လာချိန်မှာ သူတို့ကိုထောက်လှမ်းရတာ အင်မတန်မှခက်ခဲလာပါတယ်။

ဒီအချိန်မှာ တရုတ်နိုင်ငံမှ အာကာသဆိုင်ရာသိပ္ပံပညာရှင်များက သံလိုက်ဖမ်းယူမှုနည်းပညာကို ရှာဖွေဖော်ထုတ်ကာလက်တွေ့သရုပ်ပြသလိုက်နိုင်ပါပြီ။ သိပ္ပံပညာရှင်များက ကွမ်တမ်ဆင်ဆာတပ်ထားတဲ့ဒရုန်းနဲ့ ရေအောက်မှာသွားလာနေတဲ့ ရေငုပ်သင်္ဘောကိုရှာဖွေထောက်လှမ်းပြသွားခဲ့တာပါ။



ဒီနည်းပညာကိုအသုံးပြုလိုက်တဲ့အခါ ရေငုပ်သင်္ဘောရဲ့တည်နေရာကိုသာမက သူ့ရဲ့ရေယက်ကထွက်တဲ့ ရေလှိုင်းတွေကိုပါတွေ့မြင်ရတာကြောင့် ရေအောက်စစ်ပွဲကဏ္ဍကို တစ်မျိုးပြောင်းလဲသွားစေနိုင်မှာဖြစ်ပါတယ်။ **Ref: SCMP**

**K.H**

# တရုတ်နိုင်ငံက နျူကလီးယားစွမ်းအင်အသုံးပြုမှုတွင် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ရောက်ရှိလာ

ပေကျင်း၊ စွမ်းအင်

တရုတ်နိုင်ငံသည် နျူကလီးယားစွမ်းအင်အသုံးပြုမှုတွင် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း တရုတ်အစိုးရ၏ နျူကလီးယားစွမ်းအင်အာဏာပိုင်အဖွဲ့(CNEA)က ဧပြီလ ၂၇ ရက်တွင်ထုတ်ပြန်သည်။

"လက်ရှိအချိန်မှာ တရုတ်နိုင်ငံက ပိုင်ဆိုင်ထားပြီး လုပ်ငန်းလည်ပတ်နေဆဲ၊ တည်ဆောက်နေဆဲနှင့် တည်ဆောက်ရန် ခွင့်ပြုထားတဲ့ နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံပေါင်း ၁၀၂ လုံးရှိပြီး လည်ပတ်စက်စွမ်းအားက ကီလိုဝပ် ၁၁၃ သန်းရှိပါတယ်။ ဒါကြောင့် နျူကလီးယားစွမ်းအင် အသုံးပြုနိုင်မှုပမာဏမှာဆိုရင် တရုတ်နိုင်ငံက ကမ္ဘာ့ထိပ်တန်းအဆင့်ကို ပထမဆုံးအကြိမ်ရောက်ရှိလာပြီလို့ပြောလို့ရပါတယ်"ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် လက်ရှိတည်ဆောက်လျက်ရှိသော နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံအလုံးပေါင်း ၂၈ လုံးအထိရှိပြီး ထိုစက်ရုံများမှ ထွက်ရှိလာမည့်လျှပ်စစ်ဓာတ်အားပမာဏသည် ကီလိုဝပ် ၃၃ ဒသမ ၆၅ သန်းအထိ ရှိမည်ဖြစ်သည်။

ထို့ပြင် လက်ရှိလည်ပတ်အသုံးပြုနေသော နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံပေါင်း ၅၈ လုံးရှိပြီး စုစုပေါင်းလျှပ်စစ်ဓာတ်အား ကီလိုဝပ် ၆၀ ဒသမ ၉၆ သန်းကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်တွင် နိုင်ငံ၏စွမ်းအင်သုံးစွဲမှုပမာဏစုစုပေါင်းအနက် ၄ ဒသမ ၇၂ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ ရရှိခြင်းဖြစ်ကြောင်းသိရသည်။ Ref: Sputnik



## သတင်းတိုကဏ္ဍ

### တောင်ကိုရီးယားဒီမိုကရက်တစ်ပါတီမှ လီဂျေမြောင် သမ္မတဖြစ်လာရန် တစ်ရှေ့ပြေးနေ

တောင်ကိုရီးယားနိုင်ငံ၏ ဒီမိုကရက်တစ်ပါတီမှခေါင်းဆောင် လီဂျေမြောင်သည် မကြာမီကျင်းပမည့်ရွေးကောက်ပွဲတွင် သမ္မတဖြစ်လာရန် တစ်ရှေ့ပြေးနေကြောင်းသိရသည်။

ထို့ပြင် ဒီမိုကရက်တစ်ပါတီကလည်း လီဂျေမြောင်ကို ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် အတည်ပြုအမည်စာရင်း တင်သွင်းလိုက်ပြီဖြစ်သည်။

လီဂျေမြောင်သည် ကွန်ဆာဗေးတစ်ပါတီဖြစ်သော ပြည်သူ့အင်အားပါတီမှ ပြိုင်ဘက်များနှင့်နှိုင်းယှဉ်ပါက လူထု၏ သဘောကျနှစ်သက်မှုတွင် ရှေ့ဆုံးမှ ဦးဆောင်နေသူလည်းဖြစ်သည်။

သမ္မတဖြစ်လာရန် ရေပန်းစားနေသူ လီဂျေမြောင်က ၎င်းသည် တောင်ကိုရီးယားနိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို ပိုမိုတိုးတက်မြင့်မားလာစေရေး၊ နိုင်ငံကို အဆင့်မြင့်နည်းပညာစက်မှုလုပ်ငန်းများတွင် ရှေ့ဆုံးမှဦးဆောင်နေသည့်နိုင်ငံဖြစ်လာစေရေး၊ ယဉ်ကျေးမှုထွန်းကားကာ အတုယူထိုက်သော ဒီမိုကရေစီနိုင်ငံဖြစ်လာစေရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောထားသည်။ Ref: TST

### အီရန်ဆိပ်ကမ်း၌ဖြစ်ပွားသောပေါက်ကွဲမှုအတွင်း သေဆုံးသူနှင့်ဒဏ်ရာရရှိသူ များစွာမြင့်တက်

အီရန်နိုင်ငံရှိ အကြီးဆုံး ကုန်သွယ်ဆိပ်ကမ်းဖြစ်သော ရှာဟစ်ရာဂျေး ဆိပ်ကမ်း၌ဖြစ်ပွားသည့်ပေါက်ကွဲမှုအတွင်း သေဆုံးသူနှင့်ဒဏ်ရာရရှိသူအရေအတွက်များစွာမြင့်တက်လာကြောင်း တာဝန်ရှိသူများက ဧပြီလ ၂၇ ရက်တွင်ပြောသည်။

အဆိုပါဆိပ်ကမ်းပေါက်ကွဲမှုက ဧပြီလ ၂၆ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ထိုပေါက်ကွဲမှုကြောင့် သေဆုံးသူ ၂၅ ဦးနှင့်ဒဏ်ရာရရှိသူ အယောက် ၁၀၀၀ အထိမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုမှ တစ်ဆင့်ဖြစ်ပွားသောမီးလောင်မှုသည် ဧပြီလ ၂၇ ရက်အထိ ငြိမ်းသတ်၍ မနိုင်ဖြစ်နေကြောင်း ပြည်တွင်းသတင်းဌာနများက ဖော်ပြထားသည်။

ဆိပ်ကမ်းပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းသည် အန္တရာယ်ရှိပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းများသိုလှောင်သိမ်းဆည်းထားရာနေရာ၌ မီးလောင်မှုဖြစ်ပွားခြင်းကြောင့်ဖြစ်သည်ဟု ဆိပ်ကမ်း၌ရှိသော အကောက်ခွန်ရုံးကထုတ်ပြန်ထားကြောင်းသိရသည်။ Ref: AGC

### ပုပ်ရဟန်းမင်းကြီးအသစ်ရွေးချယ်ရန် ကာဒီနယ်များ တွေ့ဆုံဆွေးနွေးမည်

ပုပ်ရဟန်းမင်းကြီးဖရန်စစ်ကွယ်လွန်ပြီးနောက် နောက်ထပ်ပုပ်ရဟန်းမင်းကြီးကိုရွေးချယ်ရန် ကမ္ဘာတစ်ဝန်းမှကာဒီနယ်များက ဧပြီလ ၂၈ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါတွေ့ဆုံမှုသည် ပုပ်ရဟန်းမင်းကြီးဖရန်စစ် ကွယ်လွန်ပြီးနောက် ငါးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ယခုတွေ့ဆုံမှုတွင် လျှို့ဝှက်ရွေးကောက်ပွဲလုပ်မည့်ရက်ကိုအတည်ပြုသတ်မှတ်နိုင်မည်ဟုမျှော်လင့်ရသည်။

ရွေးကောက်တင်မြှောက်ခံထားရသည့် ကာဒီနယ်များသည် လျှို့ဝှက်မဲပေးရွေးချယ်ပွဲတွင် တစ်ရက်လျှင်မဲလေးကြိမ်ပေးရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကသာ မဲရလဒ်၏သုံးပုံနှစ်ပုံကိုရရှိသည်အထိ ကာဒီနယ်များကမဲပေးရမည်ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ရွေးချယ်ပွဲတွင် အသက် ၈၀ အောက်ရှိသည့် ကာဒီနယ်များသာ ရွေးကောက်ခံပိုင်ခွင့်ရှိပြီး လက်ရှိတွင် ထိုသို့ရွေးကောက်ခံပိုင်ခွင့်ရှိသူ ကာဒီနယ် ၁၃၅ ဦးရှိကာ အများစုကို ဖရန်စစ်ကခန့်အပ်ခဲ့ခြင်းဖြစ်သည်။ Ref: AGC

### စူးအက်နှင့် ပနားမားတူးမြောင်းများမှ အမေရိကန်သင်္ဘောများ အခမဲ့ဖြတ်သန်းခွင့်ရရန် ထရမ့်တောင်းဆို

ပနားမားတူးမြောင်းနှင့် စူးအက်တူးမြောင်းတို့သည် အမေရိကန်ပြည်ထောင်စုသာမပါဝင်ပါက ထိုတူးမြောင်းများရှိလာမည်မဟုတ်ကြောင်း၊ အမေရိကန်ကုန်သွယ်ရေယာဉ်များနှင့်စစ်ရေယာဉ်များကို ယင်းတူးမြောင်းများမှ အခမဲ့ဖြတ်သန်းခွင့်ပေးရန် သမ္မတ ဒေါ်နယ်ထရမ့်က တောင်းဆိုလိုက်ကြောင်းသိရသည်။

ဒေါ်နယ်ထရမ့်သည် လိုအပ်ပါကစီးပွားရေးနည်းလမ်း သို့မဟုတ် စစ်ရေးနည်းလမ်းကိုအသုံးပြု၍ ပနားမားတူးမြောင်းကိုပြန်လည်ထိန်းချုပ်နိုင်ရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောထားသူဖြစ်သည်။

အမေရိကန်နိုင်ငံသည် ၂၀ ရာစုအစောပိုင်းတွင် ပနားမားတူးမြောင်းကိုဖောက်လုပ်ခဲ့သည်သာမက ကိုလံဘီယာနိုင်ငံမှ နေ၍ ပနားမားနိုင်ငံကိုလွတ်လပ်ရေးရအောင်လည်း ကူညီပေးခဲ့သူဖြစ်သည်။

ထို့နောက် ၁၉၉၉ ခုနှစ်တွင် အမေရိကန်က ပနားမားနိုင်ငံသို့ အဆိုပါပနားမားတူးမြောင်းကို လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Ref: RT

# ဖိလစ်ပိုင်နှင့်အမေရိကန်တို့ လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုစမ်းသပ်

မနီလာ၊ စစ်ရေး

ဖိလစ်ပိုင်နှင့်အမေရိကန်တို့က ၎င်းတို့၏ပူးတွဲစစ်ရေးလေ့ကျင့်ခန်းတွင် ပထမဆုံးအဖြစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုစမ်းသပ်သည့်အနေဖြင့် ဒုံးကျည်များကိုပစ်လွှတ်ကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံသည် ဘာလီကာတန်အမည်ရှိ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းကို စစ်သည်အင်အား ၁၇၀၀၀ ဝန်းကျင်ဖြင့်လုပ်ဆောင်နေခြင်းဖြစ်ပြီး လေကြောင်းရန်ကာကွယ်ရေးစနစ်စမ်းသပ်မှုကို ဧပြီလ ၂၇ ရက်တွင်လုပ်ဆောင်ခြင်းဖြစ်သည်။

ယင်းကဲ့သို့လေကြောင်းရန်ကာကွယ်ရေးစနစ်စမ်းသပ်မှုတွင် အမေရိကန်မရိန်းတပ်ဖွဲ့မှ Madis အမျိုးအစား တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်က ဝေဟင်ရှိပစ်မှတ်ဒရုန်းများကို ထိမှန်အောင် ပစ်ချလိုက်နိုင်သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံမှ Sypder အမည်ရှိ ဒုံးပစ်စနစ်ကလည်း ကိုယ်တိုင်ဒရုန်းတိုက်ခိုက်မှုရန်မှကာကွယ်ပြီး လေပိုင်နက်သို့ဝင်လာသော အနိမ့်ပျံဒုံးကျည်များကို ပစ်မှတ်ထားတိုက်ခိုက်မှုများလုပ်ဆောင်နိုင်ကြောင်းနှင့် ယင်းဒုံးကျည်စနစ်များကို ပူးတွဲပစ်ခတ်ခြင်းဖြစ်ကြောင်းသိရသည်။ Ref: TST



# မလေးရှားနိုင်ငံ၌ အမျိုးအမည်မသိ ကူးစက်ရောဂါတစ်မျိုးပျံ့နှံ့နေ

ကွာလာလမ်ပူ၊ ကျန်းမာရေး

မလေးရှားနိုင်ငံ ကီဒါပြည်နယ် ယန်မြို့၌ အမျိုးအမည်မသိကူးစက်ရောဂါတစ်မျိုး ကူးစက်ပျံ့နှံ့နေကြောင်းနှင့် ကျောင်းသားနှင့် ပညာရေးဝန်ထမ်း ၃၉ ဦးမှာ ရောဂါကူးစက်ခံထားရကြောင်းသိရသည်။

ထို့ကြောင့် နိုင်ငံမြောက်ပိုင်း ကီဒါပြည်နယ်ရှိ ကျန်းမာရေးတာဝန်ရှိသူများအားလုံးက ကိုယ်ပူခြင်း၊ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်းနှင့် အနီစက်များထွက်သည့်လူနာများကို သတိဖြင့်စောင့်ကြည့်စစ်ဆေးမှုများလုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ယန်မြို့ရှိ ပါလက်စခန်း၌ ဧပြီလ ၃ ရက်နှင့်နောက်ပိုင်းတွင်လုပ်ဆောင်သောလေ့ကျင့်ခန်းများအတွင်း ပါဝင်ခဲ့သူများ၊ ထိုစခန်းသို့အလည်အပတ်သွားသူများ၊ ညအိပ်နေထိုင်သူများဖြစ်သည့်အပြင် အထက်ပါရောဂါလက္ခဏာများ ပြသနေပါက ထိုလူနာများကိုပိုမိုသတိရှိရှိဖြင့်ကိုင်တွယ်ရန် ကျန်းမာရေးဝန်ထမ်းများကို တာဝန်ရှိသူများကသတိပေးထားသည်။

ကီဒါပြည်နယ် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါရောဂါကူးစက်ပျံ့နှံ့နေမှုနှင့်ပတ်သက်၍ ဧပြီလ ၂၄ ရက်မှသတင်းရရှိခြင်းဖြစ်ကြောင်းသိရသည်။ Ref: TST

# ၂၀၂၅ ခုနှစ် မေလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၁၆ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေလ ၂၁ ရက်မှ ၂၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေလ ၂၆ ရက်မှ ၃၁ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၇ ပေမှ ၉ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၅ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၅ ပေမှ ၈ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၁ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၁ ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **(မိုး/ဇလ)**

◆ **စင်ကာပူဖိတ်ခေါ်ပြိုင်ပွဲမှ**

အမျိုးသမီး ၁၀၀၀၀ မီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ဝင်းဝင်းခိုင် ကရွှေတံဆိပ်ဆုကို စံချိန် ၅၉:၁၅.၆၀ ဖြင့်လည်းကောင်း၊ အမျိုးသား ၁၀၀၀၀ မီတာ လမ်းလျှောက်ပြိုင်ပွဲတွင် သန့်စင်အောင်က ရွှေတံဆိပ်ဆုကိုစံချိန် ၅၀:၃၆.၁၁ ဖြင့်လည်းကောင်း၊ အမျိုးသား မီတာ ၈၀၀ ပြိုင်ပွဲတွင်ဟိန်းထက်အောင်က ရွှေတံဆိပ်ဆုကို စံချိန် ၁:၅၀.၅၉ ဖြင့် အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံများ၊ အာရှနိုင်ငံများအပါအဝင် အားကစားသမား စုစုပေါင်း ၃၀၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။


ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကျော်ထူးအောင် ဦးဆောင်ပြီး ဦးတင့်ဝေ (နည်းပြ)နှင့် အားကစားသမားများဖြစ်သည့် ဟိန်းထက်အောင် မီတာ ၈၀၀ သန့်စင်အောင် ၁၀ ကီလိုမီတာ လမ်းလျှောက်၊ ဝင်းဝင်းခိုင် ၁၀ ကီလိုမီတာ လမ်းလျှောက်နှင့် သွယ်သွယ်မိုး ကြိုးတပ်သံလုံးပစ်တို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်၊ အားကစားနှင့်ကာယပညာသိပ္ပံ( ရန်ကုန် )ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (နည်းစနစ်ကော်မတီဥက္ကဋ္ဌ) ဦးသာအောင်နှင့်အမှုဆောင်များ၊ နည်းပြများ၊ ပြေးခုန်ပစ် အားကစားသမားများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **လင်းခန့်**

■ **ကျောဖုံးမှအဆက်**


ဧပြီလ ၂၈ ရက်မှ မေလ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်မြေပြိုခြင်းစသည့်မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့်ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၇၃၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဧပြီလ ၂၈ ရက်မှမေလ ၄ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၇၃၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၅၅ | ၂၈၇၅ | ၄၅၀၅ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| 95 Ron | ၂၈၆၅ | ၂၉၇၅ | ၂၉၄၅ | ၂၈၇၅ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | ၄၅၆၀ | ၃၂၂၅ | ၂၉၅၀ | ၂၉၅၀ | ၃၀၂၀ | ၂၉၈၅ | ၃၀၁၀ | ၃၂၆၅ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၁၀ | - | ၂၈၀၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၅ | ၂၈၄၀ |
| HSD (50 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (10 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၂ | ၂၇၂၈ |
| 95 Ron | ၂၆၉၇ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၈၄၂ | ၂၉၂၈ |
| HSD (10 ppm) | ၂၈၄၂ | ၂၉၂၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**


# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း




























၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃)တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

**– SWIFT CODE** **– MYEBMMMY**

**– Beneficiary Name** **– Natural Disaster Management Fund**

**– Beneficiary A/C No** **– EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| **နေပြည်တော်** | **ရန်ကုန်မြို့** | **မန္တလေးမြို့** |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး



**လှိုင်းဘွဲ့ ဧပြီ ၂၇**

ကရင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍အသေးစား၊အငယ်စားနှင့် အလတ်စား(MSME)စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စားရေရိက္ခာ ဖူလုံပိုလျှံရေးနှင့် ပိုလျှံသည်များအား ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဧပြီလ ၂၆ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအုပ်စုရှိ တောင်သူဦးထွန်းရင်၏ စိုက်ပျိုးဖြစ်ထွန်းနေသော နွေစပါးဆင်းသုခစိုက်ခင်းအား ကြည့်ရှုပေးရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က သမ္ဘာန်ကျေးရွာအုပ်စုအတွင်း နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအုပ်စုရှိ တောင်သူဦးကျောက်လုံး၏ ရိတ်သိမ်းပြီး နွေစပါးစိုက်ခင်း၌ မိုးကြိုထယ်ရေးခံခြင်း၊ ထုံးထည့်သွင်းခြင်းနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စုပေါင်းကြဲပက်ခြင်းကွင်းသရုပ်ပြပွဲသို့တက်ရောက်ကြပြီး ထီလုံ၊ သမ္ဘာန်၊ သပုထို၊ နောင်သင့်ကျေးရွာတို့မှ တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့များ ကြဲပက်ကြကာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ တက်ရောက်လာသောတောင်သူများအားပိုက်ဆန်လျှော် မျိုးစေ့များပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန မျိုးစေ့ဌာနခွဲ လှိုင်းဘွဲ့-မျိုးသန့်ခြံအတွင်းစိုက်ပျိုးထားရှိသော နွေစပါးစိုက်ခင်းနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြေဧရိယာ ၁၄၆၈ ဧကအား စိုက်ပျိုးရေပေးဝေနိုင်သော လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မျိုးလှိုင်က ရေဘုတ်ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ မိုးစပါးအောင်ရေနှင့် နွေစပါးစိုက်ပျိုးရေပေးဝေထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားကာ ရေဘုတ်ရေလှောင်တမံအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဘားအံမြို့နယ် မိဖ(ဆိတ်၊ဝက်)မွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်နွယ်ရီက မိဖမွေးမြူရေးဇုန် ၉၈ ဒသမ ၃၈ ဧကအတွင်း ဝက်မွေးမြူထုတ်လုပ်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူတောင်သူများအား တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆားခဲများပေးအပ်ကြောင်း သိရသည်။

(၄၀၆)

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**ဘိုကလေး ဧပြီ ၂၇**

(၇၉)နှစ်မြောက်သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စုရှိ အောင်ရတနာဆန်စက်၌ ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်တပ်ဖွဲ့က မီးဘေးလုံခြုံရေးအတွက် အသိပညာပေး ဟောပြောခြင်း၊ မီးသုံးစွဲမှုစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊အသိပညာပေးလက်ကမ်း စာစောင်များဝေငှခြင်း၊ ဓာတ်တိုက်လေ့ကျင့်မှုနှင့် သရုပ်ပြခြင်းတို့ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးထွန်းအောင်က မီးဘေးလုံခြုံရေးလှုပ်ရှားမှုကို မီးလောင်မှု မဖြစ်ပွားစေရေးနှင့် မီးလောင်မှုဖြစ်ပွားပါက လွယ်ကူလျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များအား အသိပညာပေး ဟောပြောသည်။

ထို့နောက် မီးဘေးအသိပညာပေး လက်ကမ်းစာစောင်များဝေငှကာ ဂက်မီးလောင်မှုအား ငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအပါအဝင် အခြားသောနည်းလမ်းများဖြင့် မီးငြိမ်းသတ်နည်းတို့ကိုသရုပ်ပြ၍ ဓာတ်တိုက်လေ့ကျင့်ရာသို့ တက်ရောက်လာကြသူများနှင့်အတူ ဓာတ်တိုက်လေ့ကျင့်လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ဆောင်ရွက်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဟယ်ရီကိန်းကို ပရီးမီးယားလိဂ်ကလပ်အသင်းများက ကမ်းလှမ်းမှုများရှိလာပါက လက်ခံစဉ်းစားပေးသွားမည်ဟု ဘိုင်ယန်မြူးနစ်အသင်းအတည်ပြု



ဘာလင် ဧပြီ ၂၇

ဘိုင်ယန်မြူးနစ်အသင်းက အဓိကတိုက်စစ်ကစားသမားဟယ်ရီကိန်းကို ပရီးမီးယားလိဂ်ကလပ်အသင်းများက ကမ်းလှမ်းမှုများရှိလာပါက လက်ခံစဉ်းစားပေးသွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ်ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းထံ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၁၀၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီ၌ ပြိုင်ပွဲစုံ ၄၅ ပွဲ ပါဝင်ကစားခဲ့ရာတွင် ၄၄ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၂ ကြိမ် ပြုလုပ်နိုင်ခဲ့ကာ သွင်းဂိုးအများဆုံးကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အလားတူ ဟယ်ရီကိန်းသည် ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ပြိုင်ပွဲစုံ ၄၄ ပွဲကစားပြီးချိန်တွင် ၃၆ ဂိုးသွင်းယူထားကာ ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ပထမဆုံးအကြိမ်အဖြစ် ဆုဖလားဆွတ်ခူးနိုင်ရန်အတွက်လည်း နီးစပ်နေသူဖြစ်သည်။

ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ဦးဆောင်လျက်ရှိနေသူဖြစ်သော်လည်း လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများ၏ကမ်းလှမ်းမှုများရှိလာခဲ့ပါက လက်ခံစဉ်းစားမည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းအနေဖြင့် စပါးအသင်းတွင် ကာလရှည်ကစားခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၃၈ ပွဲအထိ ပါဝင်ကစားခဲ့ကာ ၂၇၉ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင်လည်း နယူးကာဆယ်အသင်းကစားသမားဟောင်း အလန်ရှီးယားနောက်တွင် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိပြီး ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ရန် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်ကစားလိုနေပြီး လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်း၊ ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းတို့နှင့် သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ခရစ္စတယ်ပဲလေ့စ်အသင်း သုံးကြိမ်မြောက်အဖြစ် အက်ဖ်အေဖလားဗိုလ်လုပွဲတက်ရောက်

လန်ဒန် ဧပြီ ၂၇

အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကစားသည့် အက်စ်တွန်ဗီလာအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက ၃ ဂိုး - ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီးနောက် အက်ဖ်အေဖလားဗိုလ်လုပွဲသို့ အသင်းသမိုင်းတစ်လျှောက် သုံးကြိမ်မြောက်အဖြစ် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၁ မိနစ်တွင် အက်ဇီးနှင့် ပွဲချိန် ၅၈ မိနစ်နှင့် ၉၄ မိနစ်တို့တွင် ဆားလ်တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် အက်ဖ်အေဖလားပြိုင်ပွဲတွင် ၁၉၈၉-၁၉၉၀ ဘောလုံးရာသီနှင့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတို့တွင် ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့သော်လည်း ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရပြီး ယခုဘောလုံးရာသီတွင်လည်း အသင်းသမိုင်းတစ်လျှောက် သုံးကြိမ်မြောက်အဖြစ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး အသင်းသမိုင်းတစ်လျှောက် ပထမဆုံးဆုဖလားဆွတ်ခူးနိုင်ရန် မျှော်လင့်ချက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

*Ref;TNT Sports*

# မန်ယူအသင်းက ဂိုးသမားအိုနာနာ၏နေရာတွင်အစားထိုးရန် အာဆင်နယ်အသင်းပစ်မှတ်ထားနေသည့် အက်စ်ပန်ညိုအသင်းမှ ဂိုးသမားဂါစီယာကိုခေါ်ယူရန် ကြိုးပမ်းနေ

မန်ချက်စတာ ဧပြီ ၂၇

မန်ယူအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ၌ ဂိုးသမားအိုနာနာ၏နေရာတွင်အစားထိုးရန် အာဆင်နယ်အသင်း ပစ်မှတ်ထားနေသည့် အက်စ်ပန်ညိုအသင်းမှ ဂိုးသမားဂါစီယာကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိမန်ယူအသင်းဂိုးသမားအိုနာနာသည် ၂၀၂၃ ခုနှစ်က အင်တာမီလန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက အမှားအယွင်းများစွာကျူးလွန်ခဲ့ပြီးနောက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း အမှားအယွင်းများစွာကျူးလွန်နေသည့်အတွက် မန်ယူအသင်းနည်းပြအမိုရင်က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အိုနာနာကိုရောင်းချပြီး ဂိုးသမားတစ်ဦးခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၂၃ နှစ်သာရှိသေးသည့် ဂါစီယာသည် ပြီးခဲ့သည့်ဘောလုံးရာသီကတည်းက အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီးနောက် အာဆင်နယ်အသင်းက ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ခေါ်ယူရန် နှစ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း အက်စ်ပန်ညိုအသင်းက ပယ်ချခဲ့သည့်အတွက် ခေါ်ယူနိုင်ခြင်းမရှိခဲ့သော်လည်း လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ထပ်မံကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဂါစီယာသည် ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် ၃၂ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားပြီး ခုနစ်ပွဲဂိုးမပေးရအောင် စွမ်းဆောင်နိုင်သည်အထိ လက်စွမ်းပြလျက်ရှိသည့်အတွက် မန်ယူအသင်းက ဂိုးသမားအိုနာနာ၏နေရာတွင် အစားထိုးရန်ကြိုးပမ်းနေခြင်းဖြစ်ပြီး ၎င်းကို မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့အပြင် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

*Ref;Fotmob*

# ဒန်ဒီးယူနိုက်တက်အသင်းကိုအနိုင်ရရှိခဲ့ပြီးနောက် စကော့တလန်ပရီးမီးယားရှစ်ချန်ပီယံဆုကို ဆဲလ်တစ်အသင်း (၅၅) ကြိမ်မြောက်ဆွတ်ခူး

အီဒင်ဘာတ် ဧပြီ ၂၇

စကော့တလန်ပရီးမီးယားရှစ်ပြိုင်ပွဲ ပွဲစဉ် (၃၄) အဖြစ်ကစားသည့် ဒန်ဒီးယူနိုက်တက်အသင်းနှင့် ဆဲလ်တစ်အသင်းတို့ပွဲစဉ်တွင် ဆဲလ်တစ်အသင်းက ၅ ဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီးနောက် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင်ပင် စကော့တလန်ပရီးမီးယားရှစ်ချန်ပီယံဆုကို (၅၅) ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဆဲလ်တစ်အသင်းသည် ဒန်ဒီးယူနိုက်တက်အသင်းကို ၅ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် စကော့တလန်ပရီးမီးယားရှစ်ပြိုင်ပွဲ၌ ၃၄ ပွဲကစားပြီးချိန်တွင် ၂၇ ပွဲနိုင်၊ သုံးပွဲသရေနှင့် လေးပွဲရှုံးနိမ့်ခဲ့ပြီး ရမှတ် ၈၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၂)နေရာမှ ရိန်းဂျားအသင်းကို ရမှတ် ၁၅ မှတ်အထိ ဖြတ်တောက်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆဲလ်တစ်အသင်းကို ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဟောင်း ဘရန်ဒါရော်ဂျာပြန်လည်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် နည်းပြရော်ဂျာအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းကို စကော့တလန်ပရီးမီးယားရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း အသင်းကို ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ရာသီမပြီးဆုံးမီ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆဲလ်တစ်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် စကော့တလန်ပရီးမီးယားရှစ်ဖလားကို (၅၅) ကြိမ်မြောက်အဖြစ်ဆွတ်ခူးပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။ *Ref;Fotmob*




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဩညိုဖန်းအဝိုင်းအနီး၊ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
MALTA FRESH
Non-Sparkling Lemon Tea
Sparkling Lemon Tea
2016
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း – ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်လှေများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဧပြီ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၄ ရက်**တွင်မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Starex Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၇၀၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ စက်မှုဇုန်ထုတ် Bagan Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၉)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ်၉၅၀၄၁၈၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၁၄၇၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၆၅)မိုင် တိုးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၈၉၅၇၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကျောက်ဆည်မြို့အထွက် Pectro Net ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၃၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၆၈၄၄၇၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၃၁၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၇၇၇)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပခုက္ကူမြို့နယ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၁၇၇၇)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း (၄၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၈၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဧပြီလ ၂၅ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ဥတ္တရခရိုင်နှင့် ပျဉ်းမနားခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၉၈၅)တန်၊ အခြားသစ် (၁၂ ဒသမ ၄၅၇)တန်၊ မီးသွေး (၆ ဒသမ ၄)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၈၉၈၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် (၁၁ ဒသမ ၀၁၀)တန်၊ သစ်သားကိုယ်ထည်စက်လှေ (၁)စင်းနှင့် ဆက်စပ်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၇၈၆၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၌ တရားမဝင် ငါးဖမ်းရာတွင်အသုံးပြုသည့် သစ်သားကိုယ်ထည်စက်လှေ (၃)စင်းနှင့် ဆက်စပ်ပစ္စည်း (၆) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀) ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၉၇၈၆၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၉၈၅၄၃၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **ဧပြီလ ၂၅ ရက်နှင့် ၂၆ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၄)စီး၊ လိုင်စင်မဲ့ သုံးဘီး မော်တော်ဆိုင်ကယ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်**ဧပြီလ ၂၆ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံ-သာမညကားလမ်းအနီး၌ လှည့်လည်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၄၅၇၀၂၁)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Daw Kyi Sein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်နေ ဒေါ်ကြည်စိန်အား ည ၇ နာရီ ၄၀ မိနစ်တွင် မုပွန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်နှင့် မိုးဦးကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၇

**အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်မှ ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နယုန်လဆန်း ၆ ရက်မှ ၁၀ ရက်) အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမရက်သတ္တပတ် (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

**မိုးဦးကာလခန့်မှန်းချက်**

မိုးဦးကာလသည် ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေစတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိဖြစ်သည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လကုန်အထိဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးလယ်ကာလ ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုးနှောင်းကာလခန့်မှန်းချက်**

မိုးနှောင်းကာလသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်သည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**၂၀၂၅ ခုနှစ် မိုးဦးကာလသတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ ဖြစ်သည်။

**၂၀၂၅ ခုနှစ် မုတ်သုံလေဝင်ရောက်နိုင်မှုအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိပါသည်-

(က) မေလ ၁၆ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊
(ခ) မေလ ၂၁ ရက်မှ ၂၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊
(ဂ) မေလ ၂၆ ရက်မှ ၃၁ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့်
(ဃ) ဇွန်လ ၁ ရက်မှ ၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။ **(မိုး/ဇလ)**

# မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



နေလင်းထွန်း၊ သက်နိုင်(ခ)ကိုငှက်နှင့် ကျော်ခိုင်လင်း(ခ)မိုးဒီတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၇

မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု သဃ်န်းကျွန်းကြီးကျေးရွာအနီးတွင် သက်နိုင်(ခ)ကိုငှက်မောင်းနှင်ပြီး ကျော်ခိုင်လင်း(ခ)မိုးဒီ လိုက်ပါလာသည့် HARRIER မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၃၅၀၀) ဖမ်းဆီးရမိခဲ့သည်။ စိတ်ကြွရူးသွပ်ဆေးပြားများအား ရေတာရှည်မြို့နယ် ရေနီကျေးရွာမှရန်ကုန်သို့သယ်ဆောင်ခဲ့သည့် CANTER ISUZU ၆ ဘီးမော်တော်ယာဉ်အား မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်တွင် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဧပြီလ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ နေလင်းထွန်းအား ရန်ကုန်-မန္တလေးအမြန်လမ်း (၁၅၈)မိုင်စစ်ဆေးရေးဂိတ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဧပြီလ ၂၆ ရက် နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် အောင်အောင်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၇၀) သိမ်းဆည်းရမိခဲ့ပြီး နံနက် ၈ နာရီ မိနစ် ၂၀ တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ တင်မင်းကို(ခ)ပြုံးချိုအား တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၈ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် မယ်ဆိုင်ရေချောင်းအနီး ဝါးရုံပင်အောက်တွင် မောင်တူး(ခ)တူကြီး ဝှက်သိမ်းထားသည့် မြေကျင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၃၅၀)နှင့်အတူ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ပြည်ထဲရေးဝန်ကြီးဌာန၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေ့ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ၌ တင်ဒါအဆိုပြုလွှာများကို ၄-၄-၂၀၂၅ ရက်နေ့မှစတင်ဝယ်ယူနိုင်ပြီး ၂၈-၄-၂၀၂၅ ရက်နေ့ ၁၆၀၀ နာရီ နောက်ဆုံးထား၍ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile များကို ပြန်လည်တင်သွင်းရန် ကြော်ငြာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် လတ်တလောဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ် အခြေအနေများကြောင့် တင်ဒါအဆိုပြုလွှာများကို ၂၈-၄-၂၀၂၅ ရက်နေ့ (အစား)၂-၅-၂၀၂၅ ရက်နေ့ ၁၆၀၀ နာရီ နောက်ဆုံးထား၍ ကုမ္ပဏီ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile များကို ပြန်လည်တင်သွင်းရမည်ဖြစ်ပါကြောင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

### ပျောက်ဆုံးကြောင်း
လယ်ဝေးမြို့၊ ဂုံးတောင်ရွာနေ မခိုင်မွန်သင်း(ဘ)ဦးဝင်းကို ၉/လဝန(နိုင်)၂၇၈၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 744661)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၅၃၈၀၄၆

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ရပ်ကွက်ကြီး(၇)နေ မောင်အေးမြင့်ထွန်း(ဘ)ဦးတင်ဝင်း ၇/ပခန(နိုင်)၃၂၅၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ချောင်းဦးမြို့နယ်၊ မှန်ချိုရွာနေ ရဲရင့်အောင်(ဘ)ဦးမှတ် ၅/ခဥတ(နိုင်)၁၀၉၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 147175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဦးနိုလျှန်ဆန်(ဘ)ဦးသောက်ခွဲ ၄/ဖလန(နိုင်)၀၁၇၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သဲစုပိုင်(ဘ)အူစမန်(ခ)ဦးသန်းရွှေ၁၂/ဗတထ(နိုင်)၀၄၁၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စုစုခင်(ဘ)ဦးဘကြည် ၉/ကပတ(နိုင်)၂၅၈၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကောင်းခန့်အောင်(ဘ)ဦးမောင်စု ၉/တသန(နိုင်)၂၅၅၂၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 327003)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နေလင်းထွန်း(ဘ)ဦးအာနူး ၁၄/မမန(နိုင်)၂၀၀၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၈၃၄၇၈၆

### ပျောက်ဆုံးကြောင်း
ချစ်ခိုင်(ဘ)ဦးသက်လွင် ၁၂/ပဘတ(နိုင်)၀၂၉၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကောင်းထက်ဇော်(ဘ)ဦးဇော်သိန်း ၉/မကန(နိုင်)၁၁၇၅၀၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၂၅၄၅၄၇၁

### ပျောက်ဆုံးကြောင်း
ဖြိုးဝင်းကို(ဘ)ဦးဝင်းမြင့် ၇/ဖမန(နိုင်)၂၃၇၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

# Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ဗိုလ်တထောင်မြို့နယ်၊ ဗဟိုပစ္စည်းထိန်းဌာနဝင်းအတွင်းရှိ အလျား ၁၂၅' x အနံ ၃၆'x အမြင့် ၃၀'အရွယ်ဗဟိုပစ္စည်း ထိန်းရုံး ပင်မရုံးအဆောက်အဦအား အကြီးစားပြုပြင် မွမ်းမံပေးခြင်းလုပ်ငန်း။ | ၁ | Lot(1) |
| (ခ) | ရန်ကုန်တိုင်းဒေသကြီး၊ ဆူးလေဆိပ်ခံတံတားအမှတ်(၄)ရှိ Vertical Fender Line စုစုပေါင်း(၂၁)လိုင်းအား Rubber Fender များအသစ်တပ်ဆင်ခြင်းလုပ်ငန်း။ | ၁ | Lot(2) |
| (ဂ) | ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ၁၂၀' x ၂၀'x ၆' -၆" အရွယ် ဆိပ်ခံဖော (၂)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot(3) |
| (ဃ) | ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ၃၀' x ၂၀' x ၅' -၆" အရွယ် တံတားခံဖော (၂)လုံးနှင့် ၄၀' x ၂၀' x ၅' -၆" အရွယ် တံတားခံဖော (၁)လုံးတို့အား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot(4) |
| (င) | ပန်းဆိုးတန်းဆိပ်ကမ်းနယ်မြေနှင့် ဗိုလ်တထောင်ဆိပ်ကမ်းနယ် မြေတို့ရှိ သံစည်ဖွဲ့ဆိပ်ခံဖောတံတားများတွင် တပ်ဆင်အသုံးပြု လျက်ရှိသည့် ၄၀' x ၁၀' x ၅' အရွယ် သံစည်ဖောများအနက် သံစည်ဖော(၅)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot(5) |
| (စ) | ဆူးလေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဝင်းအတွင်း Weight Bridge (၁)ခုဆောက်လုပ်တပ်ဆင်ပေးခြင်းလုပ်ငန်း။ | ၁ | Lot(6) |
| (ဆ) | Steel Sheet Pile များအသုံးပြု၍ တည်ဆောက်ထားသော ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်း အလျား ၄၀၀' အား ပြန်လည်အားဖြည့်ခြင်းလုပ်ငန်း။ | ၁ | Lot(7) |
| (ဇ) | လမ်းမတော်ဆိပ်ကမ်းနယ်မြေ၊ ကမ်းနားဘက်ခြမ်းရှိ လူသွားစင်္ကြံ(Platform) အလျား ၂၃၀၀ ပေအား ပြုပြင်၍ Concrete Block တုံးများခင်းပေးခြင်းနှင့် သံလက်ရန်းတန်းများပြုလုပ်တပ်ဆင်ပေးခြင်းလုပ်ငန်း။ | ၁ | Lot(8) |
| (ဈ) | စဥ့်အိုးတန်းအမှတ်(၂)နှင့် ဆူးလေဆိပ်ကမ်းအမှတ်(၁)ကြားရှိ ပျက်စီးနေသည့် ကမ်းပါးထိန်းအလျား ၂၇၀' အား Bored Pile Foundation အသုံးပြု၍ R.C Beam နှင့် Gabion Box များဖြင့် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း။ | ၁ | Lot(9) |
| (ည) | ဆူးလေဆိပ်ကမ်းတံတားဝင်းအတွင်းရှိ ဆိပ်ခံတံတားအမှတ် (၁၊ ၂)၏ဘေးကာခံတုံး(Concrete Copping)များပြုပြင်ခြင်း နှင့် ဆိပ်ခံတံတား၏ Apron များအား ကတ္တရာကွန်ကရစ်(AC)ဖြင့် ပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot(10) |
| (ဋ) | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်းရှိ (၁၂၀'x ၂၀') အရွယ် ဆိပ်ခံဖောအား အကြီးစားပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot(11) |

၃။ တင်ဒါပုံစံဝယ်ယူနိုင်သည့်နေ့ရက်နှင့် အချိန် - ၃၀-၄-၂၀၂၅ ရက်နေ့မှ ၈-၅-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)

၄။ တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန် - ၁၅-၅-၂၀၂၅ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ

၅။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်၊ တတိယထပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၂၅၄၂၈၅၈၇၂၊ ၀၉-၄၃၁၂၇၄၆၈၊ ၀၉-၅၁၈၃၀၈၅၊ ၀၉-၄၃၀၄၉၃၁၇ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပြည်နယ်ပညာရေးဝန်ထမ်းအိမ်ရာနေ အ.ထ.က(၁) Grade-5(A) မှ အဘ ဦးထက်ထက်နိုင် ၇/တငန(နိုင်)၁၀၆၅၂၈ ၏သမီး မကြယ်စင်ကိုကိုအား မချောအိသဉ္ဇာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မချောအိသဉ္ဇာ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို (လုပ်ငန်းတစ်ရပ်လုံးတင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါ)တင်ဒါခေါ် ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားလုပ်ငန်းအတွေ့အကြုံရှိသော လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရယူရမည့်နေရာ | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၂၈-၄-၂၀၂၅ မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့် နောက်ဆုံးရက် | - | ၁၂-၅-၂၀၂၅(တနင်္လာနေ့)(၃:၀၀)နာရီအထိ |
| တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့် နေရာ | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| လုပ်ငန်းသုံးပစ္စည်းတင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် | - | (၁၃-၅-၂၀၂၅) (၁၀:၀၀)နာရီ |
| လုပ်ငန်းတစ်ရပ်လုံးတင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် | - | (၁၃-၅-၂၀၂၅) (၁၃:၀၀)နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း ၀၉-၄၀၁၈၆၃၂၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
မြဆည်းဆာဖြိုး(ဘ)ဦးမြအေး ၁၂/သကတ(နိုင်)၂၂၁၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၉၀၀၀၁၅၆

**ပျောက်ဆုံးကြောင်း**
ဝေယံဖြိုးဝေအောင်(ဘ)ဦးမြတ်ကျော်၁၂/ဒလန(နိုင်)၀၅၉၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နှင်းရီမွန်(ဘ)ဦးကိုပါလျှံ ၁၃/ဆဆန(နိုင်)၀၉၅၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

❖ **လူငယ်များသည် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ် . . .**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွက်ကိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်

၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




နေပြည်တော် မေ ၂၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း **စာမျက်နှာ ၂၄ ကော်လံ ၄** ■

# စင်ကာပူဖိတ်ခေါ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု လေးခု ဆွတ်ခူးရရှိခဲ့သော မြန်မာပြေးခုန်ပစ်အဖွဲ့ ပြန်လည်ရောက်ရှိ



ရန်ကုန် မေ ၂၇

(၈၅)ကြိမ်မြောက် စင်ကာပူဖိတ်ခေါ် ( Singapore SportsHub ) ပြိုင်ပွဲကို ဧပြီလ ၂၄ ရက်နှင့် ၂၅ ရက်က ကျင်းပခဲ့ရာ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့မှ ရွှေတံဆိပ်ဆု လေးခု ဆွတ်ခူးရရှိခဲ့ပြီး ဧပြီလ ၂၆ ရက်ည ၁၀နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် သွယ်သွယ်မိုးက ရွှေတံဆိပ်ဆုကို စံချိန် ၄၇ ဒသမ ၃၈မီတာဖြင့်လည်းကောင်း၊ **စာမျက်နှာ ၂၄ ကော်လံ ၄** ◆

၂၇-၄-၂၀၂၅

**ထူးခြားသည့် နေ့အပူချိန်များ**


| | | | |
|---|---|---|---|
| ချောက် | ၄၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | ရမည်းသင်း | ၄၂ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၄၂ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | တံတားဦး | ၄၂ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | (လေကြောင်းမိုးလေဝသ) | |
| မကွေး | ၄၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | တောင်ငူ | ၄၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၂ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၄၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |

## (၂၇-၄-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၆၆၀,၀၀၀) ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257